ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ သောကြာနေ့၊ (18-3-2005) (၄၅၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်စာတမ်းများ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက ဆက်လက် ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၁၇

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အဖွဲ့လိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းဖတ်ကြားသည့် အစည်းအဝေးကို နံနက်၁၀နာရီ၁၀မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၂)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလုနှင့် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ ညီလာခံကိုယ်စားလှယ်များ ရာခိုင်နှုန်းပြည့်တက်ရောက်ကြသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်းကြေညာသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

အစည်းအဝေး ကျင်းပ

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- *ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ထိုးဖောက်ဝင်ရောက်နိုင်သူများဖြစ်လာရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံ အသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်မှုများတွင်လည်း နိုင်ငံတော်၏အကျိုးစီးပွား နစ်နာမှုမရှိစေရေးနှင့် အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းစေရေး တို့ကို ထာဝရဦးတည်ပြီး သိက္ခာသမာဓိရှိရှိဖြင့် လုပ်ကိုင်သွားကြရန် လိုအပ်မည်ဖြစ်သည်။*

ခေါင်းကြီး (စာမျက်နှာ–၂)

- *အရည်အသွေးထိန်းသိမ်းခြင်း၏အဓိပ္ပာယ်ကို ဝယ်ယူသူ၏ လိုအပ်ချက်နှင့် ကိုက်ညီသောအရည်အသွေးရှိသည့်ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ကုန်ကျစရိတ်အနည်းဆုံး ကုန်ကျစရိတ်အထိရောက်ဆုံးဖြင့် ထုတ်လုပ်ပေးနိုင်သည့်နည်းလမ်းများပါရှိသည့် စနစ်တစ်ခုဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။*

ဟိန်းထွဋ်၏ဆောင်းပါး (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၈-၃-၂၀၀၅
(သောကြာနေ့)

နိုင်ငံတော်နှင့်ပုဂ္ဂလိက အကျိုးစီးပွားမျှတရေးရှေးရှု အတွေးသစ်အမြင်သစ်ဖြင့် စီးပွားရေးလုပ်ငန်းများ ကြိုးပမ်းလုပ်ကိုင်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မတ်လ ၁၂ ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စီးပွားရေးလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် **စီးပွားရေးလုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက်ပြုကြမည့် လုပ်ငန်းရှင်များသည် နိုင်ငံတော်အကျိုးနှင့် ပုဂ္ဂလိကတစ်ဦးချင်း၏အကျိုးကို မျှမျှတတ ချင့်ချိန်တွက်ဆလုပ်ကိုင်ကြရန်၊ သိက္ခာသမာဓိရှိသည့် လုပ်ငန်းရှင်များအဖြစ် နာမည်ယူကြရန်၊ ရေရှည်တည်တံ့မည့် အကျိုးဖြစ်ထွန်းမှုကို အလေးထားကြရန် အချိန်အခါ ရောက်နေပြီဖြစ်ကြောင်း၊ ယနေ့ခေတ်သစ်၊ စနစ်သစ်နှင့်အတူ အတွေးသစ်၊ အမြင်သစ်များမွေးပြီး ရေရှည်တည်တည်တံ့တံ့ အကျိုးဖြစ်ထွန်းမည့် စီးပွားရေးအလုပ်များကို တီထွင်ကြံဆ ကြိုးစားလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း** မှာကြားသွားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ဦးဆောင်အသင်းကြီးအဖြစ် ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များကို ဦးဆောင်ပြီး လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်နိုင်ရန် ၁၉၉၉ ခုနှစ် ဧပြီလတွင် အဆိုပါအသင်းကြီးကို အဆင့်မြှင့်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကို အားပေးကူညီလျက်ရှိရာ ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အခန်းကဏ္ဍလည်း ပို၍ အရေးပါလာလျက်ရှိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား လိုအပ်သည့် ညှိနှိုင်းပေါင်းကူးဆက်စပ်ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် နိုင်ငံခြားစီးပွားရေး အဖွဲ့အစည်းများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးဆက်သွယ်မှု ခိုင်မြဲရေး၊ ပြေလည်ရေးနှင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ အချင်းချင်းအကြား ဆက်ဆံမှုချောမွေ့ရေးတို့အတွက် စွမ်းဆောင်ပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတကာအဆင့်၊ ဒေသအဆင့်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများကို အဆိုပါ အသင်းချုပ်အနေဖြင့် ဦးစီးတာဝန်ယူကျင်းပနိုင်စွမ်းရှိပြီး အခြားနိုင်ငံများ၌ကျင်းပသည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ကုန်စည်ပြပွဲများသို့ ပါဝင်တက်ရောက်နေသည့်အတွက် နိုင်ငံတော်၏ အမျိုးသားရေးဂုဏ်သိက္ခာကို မြှင့်တင်နိုင်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများအရ တိုင်းရင်းသားလုပ်ငန်းရှင်များသည် လယ်ယာ၊ စက်မှု၊ ကုန်သွယ်မှု၊ ဟိုတယ်၊ ဘဏ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးကဏ္ဍအသီးသီးတို့၌ လုပ်ငန်းရှင်များအဖြစ် ရပ်တည် ဖွံ့ဖြိုးလာလျက်ရှိသည်။

ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ထိုးဖောက်ဝင်ရောက်နိုင်သူများဖြစ်လာရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်မှုများတွင်လည်း နိုင်ငံတော်၏ အကျိုးစီးပွား နစ်နာမှုမရှိစေရေးနှင့် အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းစေရေးတို့ကို ထာဝရဦးတည်ပြီး သိက္ခာသမာဓိရှိရှိဖြင့် လုပ်ကိုင်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှု၊ ပုဂ္ဂလိကကဏ္ဍ၏ ကြိုးစားအားထုတ်မှုများဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်သွယ်မှုတိုးတက်ရေး၊ ငွေကြေးဖောင်းပွမှု လျော့နည်းရေး၊ ကုန်သွယ်မှုပိုငွေဖြစ်ပေါ်ရေးနှင့် ကုန်သွယ်မှုပမာဏ တိုးတက်ရေးတို့တွင် အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

သို့ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ရှင်သန်ဖွံ့ဖြိုးရေးကိုဦးတည်ပြီး နိုင်ငံတော်အကျိုးနှင့် ပုဂ္ဂလိကအကျိုး မျှမျှတတလုပ်ကိုင်ရင်း စီးပွားရေးလုပ်ငန်းများကို အတွေးသစ်၊ အမြင်သစ်များဖြင့် တီထွင်ကြံဆ ကြိုးပမ်းလုပ်ကိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။
၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။
၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ စစ်ဆေး

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေနှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် မန္တလေးရတနာပုံ သင်္ဘောကျင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန် မတ် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် မတ် ၁၁ရက်တွင် မုံရွာမြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းသင်္ဘောကျင်းဌာနခွဲ စက်ပြင်ဆင်ရေး အင်ဂျင်နီယာအလုပ်ရုံ(မုံရွာ)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အဆောက်အအုံ ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မုံရွာသင်္ဘောဆိပ်၌ ဆိုက်ကပ်ထားသော ရေယာဉ်များ၊ ဆိပ်ကမ်းအခြေအနေနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သလ္လာဝတီ (၆)ရေယာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည်အရာထမ်းနှင့် အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးရုံး ဒေသ(၆)မုံရွာသို့ ရောက်ရှိရာ တိုင်းဦးစီးမှူးက ရာသီမရွေး မြစ်ရေတင်စက်များ ရေအလုံအလောက် ရရှိရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားပြီး ရုံးအတွင်း ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် မတ် ၁၃ ရက်တွင် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ဆိပ်ကမ်းရေကြောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးကြ၍ မန္တလေးနှင့် ပုဂံ–ညောင်ဦး ခုတ်မောင်းပြေးဆွဲလျက်ရှိသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရွှေကိန္နရီ(၂)အထူးရေယာဉ်ကို ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့သည် မန္တလေးရတနာပုံသင်္ဘောကျင်းသို့ ရောက်ရှိကြရာ သင်္ဘောကျင်းရုံးခန်း၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက သင်္ဘောကျင်းနောက်ခံသမိုင်း၊ ရေယာဉ်များ လွန်းတင်ပြင်ဆင်နိုင်မှု၊ သင်္ဘောသစ်များ တည်ဆောက်မှုစသည်များကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားကာ လွန်းကျင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ဝန်ကြီးသည် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သင်္ဘောကျင်းသို့ ရောက်ရှိရာ ရုံးခန်းမ၌ ညွှန်ကြားရေးမှူး ဦးအေးလွင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရေယာဉ်များကို သတ်မှတ်စည်းကမ်းချက်အတိုင်း စနစ်တကျ လိုင်စင်များ ထုတ်ပေးရေးနှင့် လုပ်ငန်းစီမံချက်များ ပြည့်မီအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သင်္ဘောကျင်းအလုပ်ရုံအတွင်းရှိ တွင်ခုံလုပ်ငန်းနှင့် သင်္ဘောကျင်း၌ ရေယာဉ်သစ်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အထက်မြန်မာပြည် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိ၍ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး အရေးကြီးပုဂ္ဂိုလ်နားနေဆောင်၌ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်အထွေထွေမန်နေဂျာ ဦးဖုန်းမြင့်ဆွေက လေဆိပ်ကြီး၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးအသုံးပြုရေးစနစ်၊ ရေပေးဝေရေးစနစ်၊ လေကြောင်းထိန်းလုပ်ငန်းများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ၊လေအေးပေးစက်စနစ်တို့ကို ကွန်ပျူတာဆလိုက်ဖြင့် ရှင်းလင်းပြသသည်။ ထို့နောက် ဝန်ကြီးသည် အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ လေဆိပ်ကြီးရေရှည်အသုံးပြုနိုင်ရေးနှင့် လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျစေတနာကောင်းဖြင့် ဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုးပန်းဥယျာဉ်စာကြည့်တိုက်ဖွင့်ပွဲကို မတ်၁၅ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်မြမြနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၂)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်

ရန်ကုန် မတ် ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့ နံနက် ၅ နာရီခွဲမှ ၉ နာရီအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် တပ်ပါချီတက်လေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အေး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ထူး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်သိန်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ အရန်စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဆန်းဦးလှိုင် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် အရန်စစ်ကြောင်းမှူးဗိုလ်မှူးကြီးတင်အောင် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါ စစ်ရေးပြလေ့ကျင့်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည် စစ်ကြောင်းကြီးများ တပ်ပါ စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် မတ် ၁၇

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်–

အမည်၊ လက်ရှိရာထူး၊ ဌာန	**ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန**
(က) ဦးစောဟန်ရှိန် ပါမောက္ခချုပ် ဘားအံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မော်လမြိုင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ) ဦးကျော်ဝင်း ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ ဌာန**
(က) ဒေါက်တာဦးခင်လှ ပါမောက္ခ/ဌာနမှူး ဆေးဘက်ပညာသည်တက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဆေးဘက်ပညာသည်တက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ) ဦးငွေထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

တပ်မတော်နေ့ဂုဏ်ပြု ရေဒီယိုအသံလွှင့်ဇာတ်လမ်း ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စိုးနောင်(ပေါက္ကံ)၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်လှ စီစဉ်ထုတ်လွှင့်လိုက်သည့် "ချစ်သစ္စာဘယ်မပြေ ဂိမာန်ခါသည် နွေဝယ်" ရေဒီယို အသံလွှင့်ဇာတ်လမ်းကို မတ် ၂၀ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ဇာတ်လမ်း၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မိုးပြည့်ပြည့်မောင်နှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများပြင်ဆင်မွမ်းမံမှုများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများပြင်ဆင်မွမ်းမံမှုများ ပြီးစီး

ရန်ကုန် မတ် ၁၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများ ပြင်ဆင်မွမ်းမံမှုများသည် ပြီးစီးလျက်ရှိသည်။

ထိုသို့ပြင်ဆင်မွမ်းမံမှုများ ပြီးစီးနေသော ဝန်ကြီးဌာန ပြခန်းများမှ အမှတ်(၁) စက်မှုဝန်ကြီးဌာန ပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြခန်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြခန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြခန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်း၊ ပညာရေးဝန်ကြီးဌာန ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာနပြခန်း၊ တိုင်းစစ်ဌာနချုပ်ပြခန်းများမှ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ပြခန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ပြခန်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ပြခန်း၊ တိုင်းကျိုးပြည်ပြုပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်းနှင့် နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ် ပြခန်းတို့သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဆင်မွမ်းမံမှုများ ပြီးစီးသွားပြီဖြစ်သည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကောင်းမွန် ယခုနှစ်တွင် ၈ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးတက်ဖွယ်

ပေကျင်း မတ် ၁၆

တရုတ်နိုင်ငံ၏ စီးပွားရေးသည် လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ၈ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းအထိ တိုးတက်မည်ဟု မျှော်လင့်ရကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဌာနက မကြာမီကထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

– ကောင်းမွန် –

တရုတ်နိုင်ငံ၏ ဈေးကွက်အင်အားစုများ ခိုင်မာတိုးတက်လာခြင်း၊ စီးပွားရေးစနစ်အရ တိုးတက်မှုရှိလာခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် တရုတ်နိုင်ငံ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းတို့၏ အကျိုးတရားများအဖြစ် စီးပွားရေးတိုးတက်မှုနှုန်း ကောင်းမွန်ကြောင်း ၂၀၀၅ခုနှစ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာတွင် ဖော်ပြသည်။

– အောင်မြင် –

တရုတ်နိုင်ငံ၏ မက္ကရိုစီးပွားရေးမူဝါဒအရ စီးပွားရေးကို တိုးတက်မှုလမ်းကြောင်းပေါ်တွင် ထားနိုင်ပြီး စီးပွားရေးရာ အောင်မြင်မှုများရရှိရန် အကြောင်းဖြစ်စေကြောင်း၊ ဈေးကွက်အတွင်း ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုရှိစေရန် ဆောင်ရွက်နိုင်ခြင်းနှင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ခြင်းတို့ကြောင့် စီးပွားရေးတိုးတက်ရန် အထောက်အပံ့ရရှိကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၀၅ခုနှစ်တွင် ၈ ရာခိုင်နှုန်း တိုးတက်ရန် လျာထားသည်ဟု ယခုလအစောပိုင်းက အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးသို့ ဝန်ကြီးချုပ် ဝမ်ကျားပေါင်တင်သွင်းသော အစိုးရအဖွဲ့ လုပ်ငန်းအစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းနိုင်ငံတွင် ပုဂ္ဂလိကပိုင်လေယာဉ်ပျက်ကျ

ဗန်ကောက် မတ် ၁၆

ထိုင်းနိုင်ငံ အနောက်မြောက်ပိုင်း တက်ခ်ပြည်နယ်တွင် စနေနေ့က ပုဂ္ဂလိကပိုင် လေယာဉ်ငယ် တစ်စင်း ပျက်ကျရာ လူသုံးဦး သေဆုံးသွားကြောင်း ထိုင်းသတင်းအေဂျင်စီက ဖော်ပြသည်။

လေးယောက်စီး တီအာရ်-၂၈ အမျိုးအစား လေယာဉ်သည် နိုင်ငံမြောက်ပိုင်း ချင်းမိုင်ပြည်နယ်မှ ပျံသန်းလာရာ ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားဌာန၏ လေယာဉ်ကွင်းအနီး တောတန်း တစ်နေရာတွင်ပျက်ကျပြီး လေယာဉ်ပေါ်တွင် ပါလာသူအားလုံး သေဆုံးသွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများမှာ လေယာဉ်မောင်း၊ ၎င်း၏ဇနီးနှင့်တူဖြစ်သူတို့ ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ပျက်ကျသွားသော လေယာဉ်မှာ ချင်းမိုင်ပြည်နယ် လေကြောင်းပျံသန်းမှု အသင်းပိုင် လေယာဉ်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါနာတွင် ရေနံချက်စက်ရုံ တည်ဆောက်မည်

လေဂို့စ် မတ် ၁၇

ဂါနာအစိုးရအဖွဲ့သည် ၎င်း၏နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၄ ဘီလီယံတန်ဖိုးရှိ ရေနံချက်စက်ရုံတည်ဆောက်ရန် အာရပ်ပင်လယ်ကွေ့ ရေနံကုမ္ပဏီလီမိတက်နှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း၊ ယင်းရေနံချက်စက်ရုံသည် တစ်ရက်လျှင် ရေနံစည် ၂၀၀၀၀၀ ချက်လုပ်နိုင်ပြီး ပြည်ပသို့ ရေနံတင်ပို့သည့်လုပ်ငန်းတွင် အရေးပါသော စက်ရုံတစ်ရုံဖြစ်လိမ့်မည်ဖြစ်ကြောင်း စနေနေ့မီဒီယာသတင်းများတွင် ဖော်ပြသည်။

ပြောကြား

ဂါနာနိုင်ငံ၏ အနောက်တောင်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သော တာကိုရာဒီမြို့တွင် ရေနံချက် စက်ရုံ တည်ဆောက်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ပြီဖြစ်ကြောင်း အာရပ်ပင်လယ်ကွေ့ ရေနံ ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် ပီတာ ဘာကလေက ပြောကြားသည်။

အဆိုပါ ရေနံချက်စက်ရုံသို့ ၂၀၀၉ ခုနှစ် နောက်ဆုံးထား၍ အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထောက်ကူ

အဆိုပါ ရေနံချက်စက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြင့် ဂါနာနိုင်ငံ၏ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ထောက်ကူနိုင်မည်ဖြစ်ကြောင်း ဘာကလေက ပြောကြားသည်။

ရေနံချက်စက်ရုံ စီမံကိန်းသည် အလုပ်အကိုင်နေရာ ၂၀၀၀ မှ ၃၀၀၀ အထိ ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထုပ်ပိုး

ဖိလစ်ပိုင်နိုင်ငံ အီလက်ထရွန်းနစ် စက်ရုံတစ်ရုံတွင် အလုပ်သမတစ်ဦး ပြည်ပပို့ကုန် ပစ္စည်းများ ထုပ်ပိုးနေသည်ကို မတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရုရှားလူမျိုးများ ဖိလစ်ပိုင်သို့ လာရောက်မှုမြင့်မား

မနီလာ မတ် ၁၇

ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ကြသော ရုရှားလူမျိုး ကမ္ဘာလှည့်ခရီးသည်အရေအတွက်မှာ ယခုနှစ် ပထမနှစ်လတွင် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်သော် နှစ်ဆပိုမိုလာကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးရာ ဦးစီးဌာနက စနေနေ့တွင် ပြောကြားသည်။

ယခုနှစ် ပထမနှစ်လတွင် ရုရှားနိုင်ငံနှင့် အခြားသော ယခင်ဆိုဗီယက်ယူနီယံနိုင်ငံများမှ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည် ၂၉၈ ဦး ရှိသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ရုရှားလူမျိုး ၁၄၉ ဦးသာ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်ခဲ့ကြသည်။

ရုရှားလူမျိုးများ အများဆုံး သွားရောက်ကြသော နိုင်ငံများမှာ တူရကီ၊ တရုတ်၊ အီဂျစ်နှင့် ထိုင်းတို့ ဖြစ်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စာပို့လုပ်ငန်း အစီအစဉ်သစ် ဇင်ဘာဘွေတွင် ကျင့်သုံးမည်

ဟာရာရေး မတ် ၁၆

ဇင်ဘာဘွေနိုင်ငံသည် နိုင်ငံတကာစာပို့စနစ်အစီအစဉ်၏ လုပ်ငန်းတစ်စိတ်တစ်ပိုင်းအဖြစ် ပါဆယ်ထုပ်များနှင့် စာများရောက်ရှိလာမှု၊ သိမ်းဆည်းမှု၊ ဖြန့်ဝေမှုတို့နှင့် ဆိုင်သည့် စာပို့အစီအစဉ်သစ်တစ်ရပ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ဟာရယ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ယင်းအစီအစဉ်ကို အပြည်ပြည်ဆိုင်ရာ စာပို့သမဂ္ဂစံချိန်စံညွှန်းများနှင့် တစ်ပြေးညီ လာမည့်လတွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ ဇင်ဘာဘွေနိုင်ငံ၏ နိုင်ငံပိုင်စာပို့လုပ်ငန်းဖြစ်သော ဇင်ပို့စ်က စာပို့အစီအစဉ်သစ်ကို အသုံးပြုနေပြီဖြစ်သော အခြားစာပို့လုပ်ငန်းအဖွဲ့အစည်း ၅၀နှင့် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်သည်။

ယင်းအစီအစဉ်အရ ပါဆယ်ထုပ်များနှင့် စာများစတင် ပေးပို့သည့်နေရာမှ ရောက်ရှိရမည့်နေရာသို့ သွားလာမှုအခြေအနေကို အင်တာနက်ပေါ်တွင် ဇင်ပို့စ်အကောက်ခွန်ဌာနက စောင့်ကြည့်စစ်ဆေးရမည်ဖြစ်သည်။ ပါဆယ်ထုပ်တစ်ထုပ်ပျောက်ဆုံးနေပါက အကောက်ခွန်ဌာနက နေရာအမှန်သို့ ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

စာပို့လုပ်ငန်းတွင် နည်းပညာအခြေခံခေတ်မီတိုးတက်လာခြင်းသည် အဖွဲ့အစည်းအတွက် စီးပွားရေးဆန်ဆန်လုပ်ကိုင်ရေးတွင် အဓိကကျသော အစိတ်အပိုင်းဖြစ်ကြောင်း ဇင်ပို့စ်ဦးဆောင်ညွှန်ကြားရေးမှူး ဂလေဒီမတ်ယာဇာဗီရီ၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စတော့ဈေးကွက်ဖွင့်ပွဲ

ဗီယက်နမ်နိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ကြိုးပမ်းရာတွင် တစ်ခုအပါအဝင်ဖြစ်သော စတော့ဈေးကွက်ဖွင့်ပွဲကို မတ် ၁၆ ရက်က ကျင်းပရာ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြည်တွင်းရေး၌ ဝင်မစွက်ရန် အမေရိကန်အား ကန့်ကွက်ဆန္ဒပြ

ဘေရွတ် မတ် ၁၆

ဆီးရီးယားလိုလားသည့် လက်ဘနွန်ပြည်သူ ၃၀၀၀ ခန့်သည် အမေရိကန် ကျဆုံးပါစေဟု ကြွေးကြော်ကာ ဘေရွတ်မြို့တော်အနီးရှိ အမေရိကန်သံရုံးသို့ အင်္ဂါနေ့က ချီတက်ကြပြီး အမေရိကန်အလံများကို မီးတင်ရှို့ခဲ့ကြသည့်အပြင် လက်ဘနွန်နိုင်ငံ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်နေသည့် အမေရိကန်အစိုးရကို ရှုတ်ချဆန္ဒပြကြသည်။

ဆန္ဒပြလူအုပ်ကြီးက လက်ဘနွန်အလံများဝှေ့ယမ်းကာ သံအမတ်ကြီး လက်ဘနွန်မှထွက်သွား၊ လက်ဘနွန်လွတ်လွတ်လပ်လပ်ရှိပါစေဟု လက်ဘနွန်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျက်ဖရီဖဲမန်အား ရည်ညွှန်း၍ဟစ်ကြွေးကြသည်။

နိုင်ငံတကာက ဆီးရီးယားနိုင်ငံအား လက်ဘနွန်နိုင်ငံမှ အဆင့်နှစ်ဆင့်ခွဲ၍ ဆီးရီးယားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အဓမ္မ ဖိအားပေးလာစေရေးအတွက် အမေရိကန်အစိုးရက ဦးဆောင်ပြုလုပ်ခဲ့သည်။

မိမိတို့ ပြည်တွင်းရေးတွင် ဝင်မစွက်ပါနှင့်၊ မိမိတို့ဘာသာနေပါရစေ၊ အီရတ်တွင်အစုအပြုံလိုက် သတ်ဖြတ်မှု၊ လူ့အခွင့်အရေး ဖောက်ဖျက်မှုတို့အား အမေရိကန်က ထောက်ခံနေမှုတို့ကို မိမိတို့မြင်တွေ့နေရကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရေစီ အတုအယောင်ကို မိမိတို့ မလိုလားကြောင်း စသည်ဖြင့် ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

မိမိတို့က ဒေသတွင်း အမေရိကန်အစိုးရ၏ သတ်ဖြတ်မှုအား ဆန့်ကျင်ကြောင်း ဟီသမ်အမည်ရှိ အခြားဆန္ဒပြသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တန်ဇန်းနီးယား ယဉ်ကျေးမှုနေရာများသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမြင့်မား

ဒါရက်ဆလမ် မတ် ၁၆

တန်ဇန်းနီးယားနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာနေရာများသို့ လွန်ခဲ့သည့် ၁၀ နှစ်တာကာလတွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ သိသိသာသာ မြင့်မားလာကြောင်း တန်ဇန်းနီးယားခရီးသွားလုပ်ငန်းအဖွဲ့က ကြာသပတေးနေ့တွင် ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြထားသည်။

၂၀၀၄ ခုနှစ်တွင် တန်ဇန်းနီးယားနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ အထင်ကရနေရာများနှင့် သမိုင်းဝင်နေရာများသို့ ကမ္ဘာလှည့်ခရီးသည် ၃၀၀၀၀ ခန့် လာရောက်ခဲ့ကြသည်။ လွန်ခဲ့သည့် ၁၀ နှစ်က ကမ္ဘာလှည့်ခရီးသည် ၅၀၀ မျှသာ လာရောက်ခဲ့သည်။ တန်ဇန်းနီးယားနိုင်ငံတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာ ခြောက်ခုရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိသျှကြည်းတပ်တွင် တပ်သားသစ်များသေဆုံးမှု လူသိရှင်ကြား စုံစမ်းပေးရန်တောင်းဆို

လန်ဒန် မတ် ၁၆

ဗြိတိသျှကြည်းတပ်က တပ်သားသစ်များနှင့် ဆက်ဆံရာတွင် ချို့ယွင်းချက်များရှိခဲ့ကြောင်း၊ ၎င်း တပ်သားသစ်များအား စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားနှင့်ပတ်သက်၍ ပြတ်ပြတ်သားသားဖြေရှင်းနိုင်မှုမရှိခဲ့ကြောင်း တနင်္လာနေ့က ထုတ်ပြန်သည့် ဗြိတိသျှလွှတ်တော်အမတ်များ၏ စုံစမ်းရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။

ယင်းအစီရင်ခံစာကို ကာကွယ်ရေး စိစစ်ရွေးချယ်မှုကော်မတီက ပြုစုထားခြင်းဖြစ်သည်။ ဆာရေးဒေသရှိ ဒီကတ်စစ်တန်းလျားတွင် ၁၉၉၅ ခုနှစ်မှ ၂၀၀၂ခုနှစ်အတွင်းတပ်သားသစ်လေးဦး သေဆုံးမှုကြောင့် ၁၂ လကြာ စုံစမ်းမှုပြုလုပ်ခဲ့ရခြင်းဖြစ်သည်။ သေဆုံးသူများ၏ ဆွေမျိုးသားချင်းများက ၎င်းတို့မိမိကိုယ်မိမိ အဆုံးစီရင်မှုကြောင့် သေဆုံးသည်ဟူသော အကြောင်းပြချက်များကို ငြင်းဆန်ကာ လက်ခံမှုမရှိခဲ့ကြပေ။

ဝေဖန်ရေးသား

ယင်းအစီရင်ခံစာက စစ်ဌာနချုပ် အသီးသီးနှင့်ကြည်းတပ်မှစစ်တန်းလျားများနှင့် စပ်လျဉ်း၍ ဝေဖန်ရေးသားထားသည်။ သို့ရာတွင် သေဆုံးသူတပ်သားများ၏ ဆွေမျိုးသားချင်းများက လူသိရှင်ကြား စုံစမ်းစစ်ဆေးမှုပြုလုပ်ရေးအတွက်ကိုမူ တိုက်တွန်းထားခြင်းမရှိပေ။

တိုင်တန်းမှုများအား အရာရှိများက အနိုင်ကျင့်ဖြေရှင်းနေသည့် လက်ရှိစနစ်ကို အစားထိုးစေမည့် လွတ်လပ်စွာ တိုင်တန်းနိုင်သည့်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန်နှင့် တပ်သားသစ်များအား လက်ခံရာတွင်အသက်သတ်မှတ်ချက်ကို ၁၆ နှစ်မှ ၁၈ နှစ်သို့ တိုးမြှင့်ပေးရန်ကိုလည်း ဖော်ပြပါအစီရင်ခံစာတွင် ထောက်ခံအကြံပြုထားသည်။

ခွင့်ပြုသင့်

ယင်းအဖွဲ့တွင် နောက်ကြောင်းပြန်စစ်ဆေးနိုင်ခွင့် အခွင့်အာဏာများ ပေးထားသင့်ပြီး ဒီကတ်ကိစ္စနှင့် ယော့ရှိုင်းယားဒေသ၊ ကက်တာရစ်ဒေသမှ သေဆုံးမှုကိစ္စအသီးသီးကို စုံစမ်းရန် ခွင့်ပြုသင့်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒီကတ်တွင် သေဆုံးခဲ့သည့် ၁၇ နှစ်သားအရွယ် သားတစ်ဦး၏ ဖခင်ဖြစ်သူ ဂျော့ဖ်ဂရေးက ယင်းအစီရင်ခံစာကို ကြိုဆိုလိုက်သည်။ သို့ရာတွင် ယင်းကဲ့သို့ သေဆုံးမှုများအား လူသိရှင်ကြား စုံစမ်းစစ်ဆေးရန် တိုက်တွန်းဆော်သြထားသည်။

အများတကာက မြင်တွေ့ကြည့်ရှုနိုင်ပြီး မျက်မြင်သက်သေများ ခေါ်ယူနိုင်စေမည့် ထင်သာမြင်သာရှိသည့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် လိုအပ်ကြောင်း ဂရေးက ဘီဘီစီအသံလွှင့်ဌာနအား ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အများယုံကြည်မှု ပြန်လည်ထိန်းသိမ်းနိုင်ရန် ကုလလူ့အခွင့်အရေးကော်မရှင်ကို ပြုပြင်ပြောင်းလဲသင့်ကြောင်း တရုတ်နိုင်ငံပြောကြား

ဂျီနီဗာ မတ် ၁၆

ကုလသမဂ္ဂ၏ အဓိက လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အများယုံကြည် လက်ခံနိုင်စွမ်းကို ပြန်လည် ထိန်းသိမ်းရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများကို အမည်နာမထုတ်ဖော်ပြီး အရှက်ကွဲအောင် လုပ်နေသည့် တစ်ခုတည်းသော အေဂျင်စီအဖြစ်ရပ်တည်နေခြင်းမှ အဆုံးသတ်ပေးပါရန် တရုတ်သံအမတ်ကြီးက တနင်္လာနေ့တွင်တိုက်တွန်းလိုက်သည်။

တိုက်တွန်း

ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်နှစ်ပတ်လည် အစည်းအဝေးတွင် တရုတ်သံအမတ်ကြီး ရှာကအထက်ပါအတိုင်းတိုက်တွန်းလိုက်ခြင်းဖြစ်သည်။

စံနှုန်းနှစ်မျိုးထားရှိ

တရုတ်သံအမတ်ကြီးက ဆက်လက်ပြောကြားရာတွင် ထိုကော်မရှင်အနေဖြင့် လူ့အခွင့်အရေးကိစ္စများနှင့် စပ်လျဉ်း၍ စံနှုန်းနှစ်မျိုးထားရှိပြီး ဆက်လက်ကျင့်သုံးနေလျှင် အများယုံကြည်လက်ခံနိုင်မှု ရရှိနိုင်မည်မဟုတ်ကြောင်း ထည့်သွင်း ပြောကြားသည်။

ဖွံ့ဖြိုးဆဲ ၁၇နိုင်ငံပါဝင်သည့် လူ့အခွင့်အရေးနယ်ပယ်အတွင်း တက်ကြွစွာလှုပ်ရှားသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သော သဘောထားတူညီသည့်အုပ်စုဝင်နိုင်ငံများကိုယ်စား တရုတ်သံအမတ်ကြီးက ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြုပြင်ပြောင်းလဲ

ကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းခဲ့သည့် နှစ်ပေါင်း ၆၀ အတွင်း လူ့အခွင့်အရေး နယ်ပယ်အပါအဝင် နယ်ပယ်အသီးသီးတွင် ကမ္ဘာကြီးမှာ အကြီးအကျယ် ပြောင်းလဲခဲ့ပြီ ဖြစ်ကြောင်း၊ ထိုအပြောင်းအလဲများက ကုလသမဂ္ဂ လူ့အခွင့်အရေးစနစ်တွင် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်သည့်ပြင် အဖွဲ့ဝင်နိုင်ငံများပြုမူရမည့် နည်းလမ်းကိုပါ ပြုပြင်ပေးရန်လိုကြောင်း တရုတ်သံအမတ်ကြီးက ပြောကြားလိုက်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အများယုံကြည်လက်ခံနိုင်မှုပြဿနာများ နှင့်ရင်ဆိုင်နေရကြောင်းဖြင့် ကုလသမဂ္ဂ အတွင်းအရေးမှူးချုပ်ကိုဖီအာနန်၏ပြောကြားချက်ကိုလည်း တရုတ်သံအမတ်ကြီးက ကိုးကားပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို မတ် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကနေဒါတွင် အက်စစ်မိုးရွာသွန်းမှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းပြီး သစ်တောများထိခိုက်

အော်တာဝါ မတ် ၁၆

ကနေဒါနိုင်ငံတွင် အက်စစ်မိုးများရွာသွန်းမှုကြောင့် ပျက်စီးမှုများကိုတိုင်းတာရာ၌ နိုင်ငံ၏အရှေ့ပိုင်းအတ္တလန္တိတ်ဒေသတစ်ခုတည်းမှာပင် သစ်တောများ ပျက်စီးမှုကြောင့် သစ်တောပစ္စည်းဆိုင်ရာ စက်မှုလုပ်ငန်းများနှစ်စဉ် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ နစ်နာလျက်ရှိကြောင်း မတ် ၁၃ ရက်ထုတ် ဌာနဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လိုအပ်

လွန်ခဲ့သော အနှစ် ၂၀ အချိန်က ရှိခဲ့သော ကနေဒါနိုင်ငံ၏ အက်စစ်မိုးရွာသွန်းမှု အခြေအနေကို ယခုအခါ ထက်ဝက်လျှော့ချနိုင်ခဲ့ပြီ ဖြစ်သည်။ သို့ရာတွင် လက်ရှိ အခြေအနေထက် လေထုအတွင်း အက်စစ်ငွေ့ ညစ်ညမ်းမှုကို ၇၅ ရာခိုင်နှုန်းအထိ ထပ်မံလျှော့ချသွားရန်လိုအပ်လျက်ရှိသည်ဟုဆိုသည်။

တိုင်းတာ

အင်ဘရိုမင့်ကနေဒါခေါ် ကနေဒါပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ပတ်ဝန်းကျင်ညစ်ညမ်းမှု အခြေအနေကို ငါးနှစ်လျှင်တစ်ကြိမ် အချိန်ပိုင်းခြား၍ လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့လေ့လာရာ၌ ရေကန်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် လူသားများအပေါ် ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးသက်ရောက်မှုများကိုပါ တိုင်းတာခဲ့သည်။

ကနေဒါနိုင်ငံအရှေ့ပိုင်းအတ္တလန္တိတ် ကနေဒါဒေသတွင် အက်စစ်မိုးရွာသွန်းမှုကြောင့် မြေဆီသြဇာများ ဆုံးရှုံးခဲ့ရသည်။ ထိုမှ အကျိုးဆက်အနေဖြင့် ကနေဒါ သစ်တောများကို ထိခိုက်ခဲ့ရပြီးနှစ်စဉ် သစ်ကုဗမီတာသန်းတစ်ဝက်မက ဆုံးရှုံးနေရသည်ကို တွေ့ရကြောင်း လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ဈေးကွက်ပေါက်ဈေးအရဆိုလျှင် ထိုမျှသစ်များဆုံးရှုံးရမှုသည် တစ်နှစ်လျှင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်းရာပေါင်းများစွာ ဆုံးရှုံးမှုနှင့်ညီမျှသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်အကျဉ်းသားနှစ်ဦးကို အမေရိကန်တို့ရက်စက်စွာသတ်ဖြတ်မှု အဘူဂါရိုက်စခန်းမှ အီရတ်အကျဉ်းသားများ ညှဉ်းပန်းခံရမှုထက် တစ်နှစ်စော

ဝါရှင်တန် မတ် ၁၆

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် အကျဉ်းစခန်း၌ အာဖဂန်နစ္စတန်အကျဉ်းသားနှစ်ဦးမှာ သံကြိုးဖြင့် တုပ်နှောင်ခံရသည့်အပြင် ကန်ကျောက်ရိုက်နှက်ခံရပြီးနောက် ၂၀၀၂ ခုနှစ်က သေဆုံးသွားခဲ့ရကြောင်းဖြင့် နယူးယောက် တိုင်းမ်သတင်းစာက စနေနေ့တွင် ရေးသားလိုက်သည်။ ယခုတိုင် ထုတ်ဝေခြင်းမရှိသေးသော လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ထံမှ ရရှိသော ကြည်းတပ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အစီရင်ခံစာများကို သတင်းစာက ကိုးကားပြီး ရေးသားဖော်ပြလိုက်ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ အကျဉ်းသားတစ်ဦး သေဆုံးမှုနှင့် စပ်လျဉ်း၍ အမေရိကန်တပ်ဖွဲ့ဝင် ဝီလီဗ္ဗိဘရန်းကို တက္ကဆက်ပြည်နယ်တွင် လွန်ခဲ့သည့်လက တံခါးပိတ် စစ်ဆေးခဲ့သည်။ ဝီလီဘရန်းက အကျဉ်းသားဒီလာဝါဆိုသူကို ၃၇ ကြိမ် ရိုက်နှက်ကြောင်း ဝန်ခံသည်။ အကျဉ်းသား၏ ခြေထောက်ကြွက်သားစများကို ဖျက်ဆီးခြင်းဖြင့် ငါးရက်အတွင်းတွင် ကိုယ်အင်္ဂါသေသွားအောင်လုပ်ပြီးမှ သတ်ဖြတ်မှုဖြင့် စွဲချက်တင်ထားကြောင်း သတင်းစာက ဖော်ပြထားသည်။

အာဖဂန်အကျဉ်းသား ဒီလာဝါနှင့် အခြားအကျဉ်းသားတစ်ဦးတို့ကို အီရတ်အဘူဂါရိပ်အကျဉ်းစခန်းမှ အကျဉ်းသားများနှင့် မတရားညှဉ်းပန်းနှိပ်စက်မှုမဖြစ်မီ တစ်နှစ်နီးပါးအလိုကာလတွင် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် မော်တော်ယာဉ် စစ်ဆေးရေးဂိတ်ဖွင့်ရန် အမေရိကန် တပ်ဖွဲ့ဝင်များ ပြင်ဆင်နေသည်ကို မတ် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကင်တပ်ကီပြည်နယ်မှ တပ်ဖွဲ့ဝင်တစ်ဦး အီရတ်စစ်ပွဲကို ပေါ်ပေါ်ထင်ထင်ဆန့်ကျင်

ဝါရှင်တန် မတ် ၁၆

အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ်မှ ကြည်းတပ် တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်စစ်ပွဲကို ပေါ်ပေါ်ထင်ထင်ဆန့်ကျင်သူတစ်ဦးအဖြစ် ထင်ပေါ်လျက်ရှိသည်။ ၎င်းသည် ကနေဒါနိုင်ငံသို့ ထွက်ပြေးကြသည့် အမေရိကန်တပ်ပြေးအများအပြားထဲမှ တစ်ဦးဖြစ်သည်။

အီရတ်စစ်ပွဲဆိုင်ရာ အမေရိကန်အစိုးရ၏မူဝါဒကို ဆန့်ကျင်သည့် ကနေဒါနိုင်ငံသားများက အသက် ၂၂ နှစ်ရှိ ဖော်ပြပါ တပ်ဖွဲ့ဝင် ဒါရယ်အင်ဒါဆင်အားသူရဲကောင်းဟု မှတ်ယူကြသည်။ သို့ရာတွင် ၎င်း၏ဌာနေ လက်ဇင်တန်သို့ ၎င်းပြန်ခဲ့ပါက ပြင်းပြင်းထန်ထန် ပြစ်ဒဏ်အပေးခံရမည်ဟု လူအချို့က ပြောကြားကြသည်။

အင်ဒါဆင်က လက်ရှိအခြေအနေမျိုးသို့ ရောက်ရှိမည်ဟု မည်သည့်အချိန်ကမှ မထင်မှတ်ခဲ့ကြောင်း၊ ကနေဒါအစိုးရက ၎င်းအား ကနေဒါနိုင်ငံအတွင်း ခိုလှုံခွင့်ပေးရန် မျှော်လင့်ကြောင်း၊ သို့ရာတွင် ၎င်းအနေဖြင့် ၎င်း၏ မိသားစုနှင့် ခွဲရမည်ဖြစ်ကြောင်း ပြောကြားသည်။ အင်ဒါဆင်သည် အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က တိုက်ခိုက်မှုဖြစ်ပွားခဲ့စဉ်အတွင်း ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ ၎င်းသည် ဒီဇင်ဘာခရစ္စမတ်ကာလတွင် ဌာနေသို့ပြန်ခဲ့ရာ အီရတ်သို့ ပြန်မသွားရန် ဆုံးဖြတ်ခဲ့သည်။ ***အင်တာနက်။***

အရည်အသွေးအဆင့်အတန်းမြင့်မားသော ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ဟိန်းထွန်း

ကမ္ဘာ့လူသားတို့သည် မိမိတို့စားဝတ်နေမှု အရေးသုံးပါးအတွက် လူနေမှုအဆင့်အတန်းမြင့်မားစွာ အဆင့်မြင့်နည်းပညာများကို အသုံးချ၍ ဈေးနှုန်းချိုပြီး အရည်အသွေးမြင့်မားသည့် လူသုံးကုန်ပစ္စည်း အစုစုတို့ကို တိုးတက်ထုတ်လုပ်အသုံးပြုကာ ထာဝရစိမ်းလန်းစိုပြည် သာယာလှပနေသော သဘာဝပတ်ဝန်းကျင်တွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်လိုကြပါသည်။ ထိုသို့ အဆင့်မြင့်မြင့် နေထိုင်စားသောက်နိုင်ရန်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စံချိန်စံညွှန်းမီသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိစေရန် ထိန်းသိမ်းကာကွယ်ရင်း ထုတ်လုပ်ဖော်ဆောင်သွားရန် အထူးလိုအပ်ပါသည်။

အရည်အသွေးထိန်းသိမ်းခြင်း

Quality အရည်အသွေးဟုဆိုရာ၌ ပုံသဏ္ဍာန်၊ အတွေ့အထိ၊ ကောင်းမွန်မှု၊ ပုံစံဒီဇိုင်းအစရှိသည့် တိတိကျကျ တွေ့မြင်နိုင်ပြီး အသုံးပြုစွမ်းဆောင်နိုင်သော ပစ္စည်းမျိုးအပေါ် သတ်မှတ်သည့် အရည်အသွေးနှင့် စားသုံးသူ၊ ဝယ်ယူသူ ဆက်ဆံမှု၊ လူမှုရေးကိစ္စများ ဆောင်ရွက်ခြင်းစသည့် ဝန်ဆောင်မှု (Service) နှင့် ပတ်သက်သည့် အရည်အသွေးဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

အရည်အသွေးထိန်းသိမ်းခြင်း(QC)၏ အဓိပ္ပာယ်ကို ဝယ်ယူသူ၏ လိုအပ်ချက်နှင့် ကိုက်ညီသော အရည်အသွေးရှိသည့် ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ကုန်ကျစရိတ်အနည်းဆုံး၊ ကုန်ကျစရိတ် အထိရောက်ဆုံးဖြင့် ထုတ်လုပ်ပေးနိုင်သည့် နည်းလမ်းများပါရှိသည့် စနစ်တစ်ခုဖြစ်သည်ဟု ဖွင့်ဆိုထားပါသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လူ့အဖွဲ့အစည်းသည်လည်း ခေတ်မီပြောင်းလဲ လာသည်နှင့်အမျှ အရည်အသွေး ထိန်းသိမ်းခြင်းသည် ပို၍အရေးကြီးလာသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များ လိုက်ပါလျက် မွန်ပြည်နယ် ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၇ ရက်နေ့က ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာစက်ရုံသို့ ရောက်ရှိစဉ်–

ပဒုမ္မာဆပ်ပြာဈေးကွက်ကို ပုံမှန်ခိုင်ခိုင်မာမာရှိအောင် တည်ဆောက်သွားရမှာ ဖြစ်သည့်အပြင် သုံးစွဲသူ အဆင့်အတန်းအလိုက် စိတ်ကြိုက်ဖြစ်စေမည့် အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးမျိုးကို တိုးချဲ့ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တစ်ချိန်၌ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အရည်အသွေးရှိသည့် ဆပ်ပြာအမျိုးအစားစုံကို ထုတ်လုပ်နိုင်အောင် လိုအပ်သော အတတ်ပညာကို ရှာဖွေစုစည်းသွားကြရန်လိုကြောင်း၊ ဈေးကွက်၌လည်း အခြားဆပ်ပြာများနှင့် ယှဉ်ပြိုင်၍ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်သွားကြရမှာဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

စံချိန်စံညွှန်းသတ်မှတ်ခြင်း

ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုအတွက် အရည်အသွေးအဆင့် (Quality Grade) ဖော်ညွှန်းရန်အတွက် လိုအပ်ချက်မှာ စံချိန်စံညွှန်းသတ်မှတ်ခြင်း (Standardization) ပင်ဖြစ်သည်။ မကြာခဏဆိုသလို တာဝန်ရှိပုဂ္ဂိုလ်များ တံတားကြီးများ ဆောက်လုပ်ရာတွင်လည်းကောင်း၊ လေယာဉ်ကွင်းများ တည်ဆောက်ရာတွင်လည်းကောင်း၊ ရေကာတာကြီးများ တည်ဆောက်ရာတွင်လည်းကောင်း သတိပေးပြောကြားသွားသည့် စကားမှာ **"စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ကြရန်"** ပင်ဖြစ်သည်။ စံချိန်စံညွှန်းသတ်မှတ်ရေးလုပ်ငန်းသည် မိမိတို့ ထုတ်လုပ်သော ကုန်ပစ္စည်းအမျိုးအစား အဆင့်အတန်း ကောင်းမွန်မြင့်မားစွာ ကုန်ကျစရိတ် အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်စေရန်လည်းကောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ကျယ်ပြန့်စွာ ဝင်ရောက်ထိုးဖောက်၍ မိမိတို့ပစ္စည်းများကို တွင်ကျယ်စွာ ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ မိမိတိုင်းပြည်အတွက် ပြင်ပနိုင်ငံများမှ တင်သွင်းရသော ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများကို ဝယ်ယူတင်သွင်းရာတွင်လည်းကောင်း၊ မိမိတို့ သုံးလိုသည့်လုပ်ငန်းနှင့် အံဝင်ခွင်ကျ အသုံးတည့်စေ၍ ပေးရသောငွေတန်ဖိုးနှင့် ကိုက်ညီအောင် ပစ္စည်းများရရှိရေးအတွက် လုပ်ဆောင်ရသောလုပ်ငန်းဖြစ်သည်။ စံချိန်စံညွှန်းသတ်မှတ်ရာတွင် နည်းပညာစံချိန်စံညွှန်း(Technology Standard) နှင့် ကိရိယာစံချိန်စံညွှန်း (Instrument Standard) ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆင့်ဆင့် သတ်မှတ်ရန်လိုအပ်ပါသည်။

(၁) ကုမ္ပဏီမှ စံချိန်စံညွှန်းသတ်မှတ်ခြင်း (Company Standardization)
(၂) အမျိုးသားစံချိန်စံညွှန်းသတ်မှတ်ခြင်း(National Standardization)
(၃) ဒေသဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ခြင်း(Regional Standardization)
(၄) ကမ္ဘာနှင့်အဝန်း ISO အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ရေးအသင်း၏ စံချိန်စံညွှန်းသတ်မှတ်ခြင်း (Global ISO-International Organization for Standardization)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးတည်ချက်(၅)ရပ်တွင် တစ်ချက်ဖြစ်သော **"စက်မှုထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး"**ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် နည်းပညာဆိုင်ရာ ဆပ်ကော်မတီများတွင် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေး မြင့်တင်ရေးဆပ်ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိရာ မြန်မာ့ထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးသည် စံချိန်မီမှသာ ကမ္ဘာ့ဈေးကွက်တွင် အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ၊ ရောင်းတမ်းမီ လူသုံးကုန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများကို ပြည်တွင်း၊ ပြည်ပတို့၌ ထုတ်လုပ်ယှဉ်ပြိုင် ရောင်းချနိုင်ပါမည်။

ဖွဲ့စည်းဖြစ်ပေါ်ပြီး စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့်တောင်ကြီး အေးသာယာစက်မှုဇုန်တို့၌ သံနှင့်သံထည်ပစ္စည်းများ ကိုင်တွယ်မှုလုပ်ငန်းများ ခေတ်မီစေရန်နှင့် အရည်အသွေး မြင့်စေရန်အတွက် စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံဖိ၊ သံခုတ်စားအလုပ်ရုံများကို နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ထူထောင်တည်ဆောက်လျက်ရှိသည်။ ထို့အပြင် စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီအနေဖြင့် စက်မှုဇုန်များ၏ လက်တွေ့ဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို အမြဲလေ့လာသုံးသပ်ပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြှင့်တင်ရေးအတွက် ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်သွားရပါမည်။

နည်းပညာဆိုင်ရာအတားအဆီးများ

နိုင်ငံအသီးသီးသည် မိမိနိုင်ငံသားတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့နှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်နိုင်ရန် စံချိန်စံညွှန်းများ ရေးဆွဲပြဋ္ဌာန်းကြသော်လည်း ယင်းစံချိန်စံညွှန်းများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် သဟဇာတမဖြစ်ခြင်း၊ အရည်အသွေး ကိုက်ညီမှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကွဲပြားခြင်းတို့သည် ကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီး(TBT-Technical Barrier to Trade)များ ဖြစ်ပေါ်လာစေပါသည်။

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံအသင်းကြီးသည် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ACCSQ -ASEAN Consultative Committee for Standard and Quality)ကို ကုန်သွယ်မှုလုပ်ငန်းများတွင် နည်းပညာဆိုင်ရာ တားဆီးခြင်း (TBT Technical Barrier to Trade) ကို ဖယ်ရှား၍ ဘုံအကျိုးသက်ရောက်သည့် အခွန်သက်သာခွင့် ဦးစားပေးခြင်း (CEBT-Common Effective Preferential Tariff) အစီအစဉ်ကို အသုံးပြုလျက် အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှု ဒေသ(AFTA-ASEAN Free Trade Area)တည်ထောင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၉၂ ခုနှစ် အောက်တိုဘာလတွင် အာဆီယံစီးပွားရေးဆိုင်ရာ ဝန်ကြီးများ (AEM-ASEAN Economic Ministers) အစည်းအဝေး သဘောတူညီချက်အရ ဖွဲ့စည်းခဲ့ပါသည်။

ACCSQ သည် ကုန်သွယ်မှု လုပ်ငန်းများတွင် နည်းပညာဆိုင်ရာ အတားအဆီးများ (TBT) ဖယ်ရှားရန်အတွက် အာဆီယံနိုင်ငံများအကြား ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းနှင့် အရည်အသွေး ထောက်ခံလွှာ (Mutual Recognition Standard and Conformity Assessment)အမျိုးသား စံချိန်စံညွှန်းများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် သဟဇာတဖြစ်ရေး (Harmonization on National Standards with International Standards)တို့ကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအသင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာရာ အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ(ACCSQ)တွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိက အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး အဆင့်အတန်းရှိလာရေးအတွက် အမျိုးသားစံချိန်စံညွှန်းအဖွဲ့၊ အမျိုးသား အသိအမှတ်ပြုအဖွဲ့များ ဖွဲ့စည်းတည်ထောင်ပြီး ယင်းအဖွဲ့မှ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဌာနအသီးသီးရှိ ဓာတ်ခွဲခန်းများကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခွင့်ပြုထားလျှင် မိမိနိုင်ငံထုတ်ကုန်ပစ္စည်းများ စံချိန်မီကြောင်း ကမ္ဘာ့အလယ်တွင် အတည်ပြုပေးနိုင်ခြင်းဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိကာ အမျိုးသား အကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်နိုင်ပါမည်။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ဆပ်ကော်မတီတစ်ခုဖြစ်သော စံချိန်စံညွှန်း သတ်မှတ်ရေးနှင့်အရည်အသွေးမြှင့်တင်ရေးဆပ်ကော်မတီအနေဖြင့် ACCSQနှင့် ပူးပေါင်းဆောင်ရွက်ပါက စက်မှုဇုန်များမှ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး မြင့်မားရေးအတွက် အထောက်အကူပြုပေးနိုင်ပါမည်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်မှုတွင် နည်းပညာဆိုင်ရာ အတားအဆီးများကို ဖယ်ရှားနိုင်ရန် ဖွဲ့စည်းထားသည့် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ ACCSQသည် အာဆီယံအဖွဲ့ဝင်မဟုတ်သည့် အခြားနိုင်ငံများနှင့်လည်း အဆိုပါ အတားအဆီးများကို ဖယ်ရှားနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံများမှာ ACCSQ-CER (Closer Economic Relation)ဖြစ်သည့် ဩစတြေးလျ၊ နယူးဇီလန်နှင့် ပူးပေါင်းဆောင်ရွက်မှု ACCSQ-KOREA Cooperation ကိုရီးယား၊ ACCSQ-JAPAN Cooperation ဂျပန်၊ ACCSQ-EU Cooperation ဥရောပသမဂ္ဂ၊ ACCSQ-US Cooperation အမေရိကန်တို့ဖြစ်ပြီး စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ ပြုလုပ်ခြင်း၊ နည်းပညာဖြန့်ဝေခြင်းဖြင့် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မှုများ မပြတ်ပြုလုပ်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသော (BIMST-EC) ဘင်းမ်စတက် ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့တွင်လည်း စံချိန်စံညွှန်းနှင့် အရည်အသွေးကိုက်ညီမှု ဆန်းစစ်ခြင်းကဏ္ဍ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ဆေးဝါးနှင့် အလှကုန်ပစ္စည်းအတုများအန္တရာယ်၊ လျှပ်စစ်ပစ္စည်းများ အရည်အသွေးအဆင့်အတန်းမမီသဖြင့် မီးလောင်မှု၊ ဓာတ်လိုက်မှုဖြစ်ပွားမည့် အန္တရာယ်များရှိနေပါသည်။ အမျိုးသား စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာများ ကိုက်ညီသတ်မှတ်လုပ်ဆောင်သွားပြီး ပြည်သူတို့၏ ဘေးကင်းလုံခြုံ စိတ်ချရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဆေးဝါး၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ကဲ့သို့သော ထုတ်ကုန်၊ သွင်းကုန်ပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ရန် စစ်ဆေးကြပ်မတ်၍ အရည်အသွေးကိုက်ညီမှုမရှိလျှင် ဥပဒေအရ ခွင့်မပြုခြင်းဖြင့် စားသုံးသူပြည်သူများ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပြီး ကျန်းမာသက်ရှည်သည့် လူမှုဘဝကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

အရည်အသွေးပြည့်စီမံခန့်ခွဲမှု (TQM)

ထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးအဆင့် (Quality Grade) ပြည့်မီစေရန် အတွက် လိုအပ်ချက်မှာ စံချိန်စံညွှန်းသတ်မှတ်ခြင်း (Standardization) ပြုလုပ်ပြီး စီမံခန့်ခွဲမှုအတွေးအခေါ်ဟောင်းများကို ပြောင်းလဲကာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စီမံထုတ်လုပ်ဖြည့်ဆည်းခြင်းဖြင့် ကုမ္ပဏီတစ်ခုလုံးသည် အရည်အသွေးပြည့် စီမံခန့်ခွဲမှု (TQM Total Quality Management)ဟူသော နည်းပညာကို အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

အရည်အသွေးပြည့်စီမံခန့်ခွဲမှု (TQM) ကို တကယ်တကယ်ကြွကြွ ကျင့်သုံးခြင်းသည် သုံးစွဲသူများလိုအပ်ချက်နှင့် ကိုက်ညီမည့် အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအတွက် ထိရောက်၍ စီးပွားရေးအရ တွက်ခြေကိုက်သော နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ စီးပွားရေးနယ်ပယ်ပေါင်းစုံတွင် ထုတ်လုပ်သူများသာမက ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းပေါင်းစုံတွင်လည်း TQM လုပ်ငန်းများကို စတင်ကျင့်သုံးနေပါသည်။

TQM စီမံကိန်းကို အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ စီမံကိန်းကာလမှာ ၂၀၀၀ ပြည့်နှစ် ဧပြီလ ၁ ရက်မှ ၂၀၀၅ ခုနှစ် မတ်လ ၃၁ ရက်ထိ ငါးနှစ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂျပန်စံချိန်စံညွှန်းအဖွဲ့ (Japanese Standards Association-JSA) နှင့်ပူးပေါင်း၍ TQM Seminar လေးကြိမ်ပြုလုပ်ပေးခြင်း၊ နမူနာစံပြကုမ္ပဏီအဖြစ် Toyo Battery Co နှင့် Top Detergent စက်ရုံနှစ်ခုအား ရွေးချယ်၍ JSA မှ ကျွမ်းကျင်ပညာရှင် နှစ်ဦးသည် TQMစနစ်ကျင့်သုံးပုံကို TQMလက်စွဲစာအုပ် ၂၁ အုပ်ဖြင့် သင်တန်းခုနစ်ကြိမ် တစ်ကြိမ်လျှင် တစ်လကြာ ပို့ချခဲ့ခြင်းနှင့် နမူနာပြ ကုမ္ပဏီများမှ အရာရှိလေးဦးအပါအဝင် ဂျပန်နိုင်ငံသို့ မြန်မာပညာတော်သင်များ စေလွှတ်လေ့ကျင့်ပေးခြင်းတို့ လုပ်ဆောင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်သော်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို အခြေခံပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ သာယာလှပနေသော သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုမရှိစေဘဲ စားသုံးသူပြည်သူများ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်သည့် အရည်အသွေး အဆင့်အတန်း မြင့်မားသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈–၃–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ **မမှောင်သောအလင်း (အပိုင်း–၄)**
၅:၂၅	၉။ Goal Show အစီအစဉ်
၅:၅၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း–၃၂)**
၆:၅၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း–၂၂)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြန်မာ့ရှုခင်း
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်က သိုင်းလုလင်" (အပိုင်း–၇)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ပြည်ကြီးမဏ္ဍိုင်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်ထွန်းလာစေရန် ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ လက်တွဲ၍ တက်ညီလက်ညီဆောင်ရွက် မြို့အဆင့်အတန်းပြည့်မီနိုင်မည့် ကျေးရွာများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မတ် ၁၇

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ် ၁၀ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သုရလက်ဦးမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဘုတ်ပြင်းမြို့မှ တနင်္သာရီ–ဘုတ်ပြင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကာ လမ်းတစ်လျှောက်ရှိ လမ်း၊ တံတားများ အဆင့်မြှင့်တင်ဖောက်လုပ်နေမှုအခြေအနေ၊ ဆီအုန်းစိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီ–ဘုတ်ပြင်း လမ်း ဘုတ်ပြင်းမြို့ အထွက်တွင် လမ်း တိုးချဲ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘုတ်ပြင်းမြို့နယ်မှ လက်ထောက် အင်ဂျင်နီယာ ဦးကျော်ကျော်ဦးနှင့် တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းတို့က တနင်္သာရီ–ဘုတ်ပြင်းလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဖောက်လုပ် တည်ဆောက်ရာ၌ ချောင်းကျောက်များ ခင်းကျင်းနေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး လမ်းကို မိုးမကျမီ ချောင်းကျောက်ပြီးစီးအောင် ခင်းကျင်းရေး မှာကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပြည်ကြီးမဏ္ဍိုင်မြို့အဝင် လေညာအရှေ့ရပ်ကွက် တပ်နယ်ခန်းမ၌ ဘုတ်ပြင်း တပ်နယ် နယ်မြေခံတပ်ရင်း မိသားစုများနှင့် တွေ့ဆုံကာ တပ်တွင်း စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး၊ နိုင်ငံ့တာဝန် ကျေပွန်ရေးနှင့် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နှင့် ဒေသတွင်း တရားဥပဒေစိုးမိုးရေးကို အလေးအနက်ထား ထိန်းသိမ်းစောင့်ရှောက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်တို့က ဘုတ်ပြင်းတပ်နယ် နယ်မြေခံတပ်ရင်းမိသားစုများအတွက် အဝတ်အထည်များနှင့် ထောက်ပံ့ငွေများကို သက်ဆိုင်ရာတပ်ရင်း တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တပ်ရင်းမိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပြည်ကြီးမဏ္ဍိုင်မြို့ စုပေါင်းရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ကြီးမဏ္ဍိုင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ထားရှိမှုနှင့် ပြည်ကြီးမဏ္ဍိုင်မြို့၏ လူမှုရေး၊ စီးပွားရေး အခြေအနေများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ပြည်ကြီးမဏ္ဍိုင်မြို့ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သုရလက်ဦးမောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ကြီးမဏ္ဍိုင်မြို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ကြီးမဏ္ဍိုင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးက ပြည်ကြီးမဏ္ဍိုင်မြို့ ဒေသဆိုင်ရာ အချက်အလက်များ၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး ၆၀၆၆ ဧကရာနှုန်းပြည့် စိုက်ပျိုး၍ တစ်ဧကပျှမ်းစပါး ၅၅ ဒသမ ၂၁ တင်း ထွက်ရှိမှု အခြေအနေ၊ ဒေသဝမ်းစာဆန် ဖူလုံရုံမျှမက ပိုလျှံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး အမှာစကားပြောကြားရာတွင် ပြည်ကြီးမဏ္ဍိုင်မြို့ကို မြို့အင်္ဂါရပ်များနှင့်အညီ ဖြစ်ထွန်းလာစေရန် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများလက်တွဲ၍ တက်ညီလက်ညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ယခုအခါ မြိတ်မြို့မှ ကော့သောင်းမြို့အထိ ခရီးသည်တင်လိုင်းကားများ ပြေးဆွဲနေပြီဖြစ်သဖြင့် ဒေသ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ကိုင်လာနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ အမြော်အမြင် ကြီးမားစွာ လမ်းညွှန်ချက်အရ မြို့အဆင့်အတန်း ပြည့်မီနိုင်မည့် ကျေးရွာများကို အဆင့်မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိရာ ဤပြည်ကြီးမဏ္ဍိုင်မြို့ကိုလည်း ဌာနဆိုင်ရာရုံးများဖွင့်လှစ်၍ ဝန်ထမ်းများကိုပါ တာဝန်ပေးစေလွှတ်ထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြ၍ မိမိတို့ဒေသကြီးအမြန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီမြို့သို့ ထွက်ခွာခဲ့ရာ လမ်းဖိုးကမ်းရွာ၌ မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်းသို့ ပြေးဆွဲနေသော ပုလဲခရီးသည်တင်ကားမှ ယာဉ်မောင်းနှင့် ခရီးသည်များအား လမ်းအခြေအနေနှင့် ဆက်သွယ်သွားလာ လွယ်ကူချောမွေ့မှု အခြေအနေတို့ကို ရင်းရင်းနှီးနှီးမေးမြန်းကာ နှုတ်ဆက်အားပေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီ–ဘုတ်ပြင်းလမ်း မိုင်တိုင်အမှတ် (၈၆/၅)ရှိ ပွိုင့် ၁၀၂၀ နေရာ၌ စက်ယန္တရားများဖြင့် လမ်းတိုးချဲ့နေမှု၊ မြေသားလမ်းအသားကျရေးနှင့် ချောင်းကျောက် ခင်းကျင်းရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ယာယီ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တနင်္သာရီ–ဘုတ်ပြင်းလမ်း ဖောက်လုပ်ရေးမှ အင်ဂျင်နီယာမှူး ဦးအောင်မြင့်ဦးက လမ်းကို မိုးမကျမီ ချောင်းကျောက်ခင်းကျင်းရေးနှင့် လမ်းတိုးချဲ့ရေး၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ တူးဖော်ပြီးစီးရေးတို့အတွက် စီမံဆောင်ရွက်နေမှုအခြေအနေ၊ လမ်းဖြတ်ရေမြောင်းများတူးဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လမ်းကို အများပြည်သူတို့ လွယ်ကူစွာ သွားလာနိုင်ရေး၊ မိုးတွင်းကာလတွင် လမ်းပျက်စီးမှု မရှိစေရေး၊ လမ်းရေရှည် တည်တံ့ရေးတို့ကို ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တနင်္သာရီ–ဘုတ်ပြင်း လမ်းတစ်လျှောက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မြေသားလမ်းမှ ကျောက်ချောလမ်းဖြစ်အောင် လမ်းအဆင့်မြှင့်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ လမ်းဘေးဝဲ၊ ယာတို့၌ ဆီအုန်းစိုက်ပျိုးရန် မြေယာရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တနင်္သာရီ–ဘုတ်ပြင်းကားလမ်း ချောင်းနောက်ပြန်စခန်းရှိ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာဦးသက်ဆင့်က ထူးထရေးဒင်း ကုမ္ပဏီလီမိတက်အနေဖြင့် ဆီအုန်းစိုက်ပျိုးရန် ဧက ၂၀၀၀ တောရှင်းလင်းပြီး ဆီအုန်းပျိုးပင်ပေါင်း ၁၁၆၀၀၀ ပျိုးထောင်ပြီးစီးနေမှု အခြေအနေနှင့် ဝန်ထမ်းအင်အား၊ စက်ယန္တရားအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည်တနင်္သာရီမြို့နယ်ရှိ ကမ္ဘောဇ ဆီအုန်းကုမ္ပဏီ၏ ဆီအုန်းစိုက်ပျိုးရေးစခန်းသို့ ရောက်ရှိကြပြီး ဆီအုန်းစိုက်ပျိုးမှု၊ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တနင်္သာရီမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ တနင်္သာရီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းက တနင်္သာရီမြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါး ၂၈၀၆၈ ဧက စိုက်ပျိုးပြီး အထွက်နှုန်းတစ်ဧက ၆၁ ဒသမ ၆၉ တင်း၊ နွေစပါး ၉၃၃၂ ဧက စိုက်ပျိုးပြီး အထွက်နှုန်းတစ်ဧက ၆၅ ဒသမ ၄၇ တင်းရရှိရန် ခန့်မှန်းထားမှု၊ ဆီအုန်း ၁၄၁၃၉ ဧက စိုက်ပျိုးထားရှိမှုနှင့် ၂၀၀၅ ခုနှစ်အတွက် လျာထားဧက ၂၀၂၃၀ ထိ စိုက်ပျိုးရန် တောရှင်းပြီး ၅၃၁၁ ဧကရှိမှု အခြေအနေများ၊ ရော်ဘာစိုက်ပျိုးမှုအနေဖြင့် ၄၃၅၇ ဧက စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၅ ခုနှစ်တွင် ဧက ၁၅၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားမှု အခြေအနေများနှင့် ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းကြီး တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မော်တော်ကားလမ်းကို အဆင့်မြှင့်၍ ပြန်လည်ဖောက်လုပ်ပေးနေသဖြင့် ယခုအခါ လိုင်းကားများပင် ပုံမှန်ပြေးဆွဲနေပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းတို့အားလုံး ပွင့်လင်းပြီး ဆက်သွယ်လာနိုင်ကြပြီ ဖြစ်ကြောင်း။

တနင်္သာရီမြို့သည် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် တနင်္သာရီမြို့ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက ဌာနဆိုင်ရာများကို တာဝန်ပေး၍ ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသနေပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော် တာဝန်ကို စတင်တာဝန် ယူချိန်မှစ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဦးဆောင်ဦးရွက်ပြုကာ တိုင်းရင်းသားပြည်သူများနှင့် လက်တွဲဆောင်ရွက်ခဲ့သဖြင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာသည်ကို မည်သို့မျှငြင်းပယ်၍ မရကြောင်း၊ ဆက်လက်၍လည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဒေသကြီး (၂၄)ခုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတို့ကို ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်နေသည်ကို တိုင်းရင်းသားပြည်သူတို့က ကျရာအခန်းကဏ္ဍက ထက်ထက်သန်သန် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံ၏ အားကိုးအားထားပြုရာ တိုင်းကြီးဖြစ်လာတော့မည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးနိုင်သောဒေသမှာ တနင်္သာရီတိုင်းတွင်သာဖြစ်သကဲ့သို့ ရော်ဘာအများဆုံး စိုက်ပျိုးနိုင်သော ဒေသသည်လည်း တနင်္သာရီတိုင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတိုင်း၏ သဘာဝအခြေခံကောင်းများကို အသုံးချ၍ စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရန် ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံ့သားကောင်းရတနာများဖြစ်သည့် လူငယ်များကိုအသိပညာရှင်၊အတတ်ပညာရှင်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်လည်း လိုအပ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးသည် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ကြောင်း မှာကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် တနင်္သာရီမြို့မှ မြိတ်မြို့သို့ ဆက်လက်ထွက်ခွာကြရာ မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာသို့ ရောက်ရှိကြပြီး တုံးဗျောကြီး ချောင်းမှရေကို ရေသွယ်မြောင်းဖြင့် နွေစပါးစိုက်ပျိုးနိုင်သည့် နည်းတူ အနောက်ဘက်ခြမ်းရှိ ကင်းတပ် ကျေးရွာသို့ ကားလမ်းကူး ပြွန်တံတားဖြင့် ရေသွယ်မြောင်းဆက်သွယ်ကာ နွေစပါးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိအောင် စီစဉ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအား ဆည်မြောင်းဦးစီးဌာန တနင်္သာရီတိုင်း ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကင်းတပ်ရွာ၌ နွေစပါးဧက ၁၀၀ တိုးတက်စိုက်ပျိုးနိုင်မည့် အခြေအနေနှင့် တုံးဗျောလေးချောင်းမှ ရေကိုရယူနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေရရှိအောင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးနေခြင်းအပေါ် ကျေးရွာမှ တောင်သူလယ်သမားများကလည်း နွေစပါးနှင့် မိုးစပါးဧကပိုမိုအောင်စိုက်ပျိုးကြရေးနှင့် ရေပေးမြောင်းများကိုလည်း ကျေးရွာပြည်သူများက ရေရှည်တည်တံ့အောင်၊ ပိုမိုကောင်းမွန်အောင် ဆက်လက်ပြုပြင်မွမ်းမံထိန်းသိမ်းကြရေး မှာကြားသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ပြည်ကြီးမဏ္ဍိုင်မြို့ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး စတင်ကျင်းပ

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၇

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တက်ရောက်ကြည်ညို

ယင်းအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ၊ အကျိုးတော်ဆောင် ဆရာတော်နှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၊ အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေး ပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးထမြောက်

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားတော်မူပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တာဝန်ကျအဖွဲ့၏ ကိုယ်စား နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသက တင်သွင်းလျှောက်ထားတော်မူသည်။

အစီရင်ခံစာများတင်သွင်း

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြရာတွင် ဝိနိစ္ဆယရေးရာကဏ္ဍကို မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတ သိရီဘိဝံသ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မော်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနနှင့် စစ်ကိုင်းတိုင်း ကသာမြို့ ကျောက်ထုံးကြီးကျောင်းဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တနိမလတို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာ ရာမတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဂါရဝနှင့် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာတို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို ကရင်ပြည်နယ် ဘားအံမြို့ ခေမာရာမ ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျကလည်းကောင်း အသီးသီး တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ရွေးချယ်ရန် ကိစ္စတင်ပြခြင်းနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရန်ကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ပထမနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို မတ် ၁၈ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်များအား ယနေ့တွင် ရန်ကုန်မြို့ ပါရမီရိပ်သာ မြစ်ပါယ်လမ်း အမှတ်(၂၆)နေ ဒေါ်မြင့်မြင့်သိန်း၊ဒေါ်ခင်ဝင်းမြင့်နှင့် ညီအစ်မ တစ်စုတို့က တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေဆောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီးဘဒ္ဒန္တနန္ဒိယကိုယ်တိုင် ကြီးကြပ်ဟောပြောပို့ချမည့် ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)တွင် စတင်ဖွင့်မည်ဖြစ်ရာ တရားစခန်းဖွင့်ပွဲနှင့်အတူ ဆရာတော်ကြီး၏ (၂၇)ကြိမ်မြောက် သိက္ခာကံထပ်အလှူနှင့်ဒုလ္လဘရဟန်းခံရှင်ပြုအလှူတို့ကိုပါ ကျင်းပမည်ဖြစ်သည်။တရားစခန်းဝင်လိုသူများ၊ ဒုလ္လဘ ရဟန်းခံလိုသူများသည် ကြိုတင်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)

အသည်းရောင်အသားဝါ(စီ)ရောဂါပိုး စမ်းသပ်စစ်ဆေးသည့် ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာသို့ Korea International Co-Operation Agency (KOICA) က အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိသည့် အသည်းရောင်အသားဝါ (စီ) ရောဂါပိုး စမ်းသပ်စစ်ဆေးသည့် ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (ပြည်သူ့ဆေးရုံကြီး)

ရန်ကုန် မတ် ၁၇

Korea International Co-Operation Agency (KOICA) က စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ အသည်းရောင်အသားဝါ(စီ)ရောဂါပိုး စမ်းသပ်စစ်ဆေးသည့် ဆေးပစ္စည်းများကို မတ် ၁၅ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်လှူဒါန်းသည်။

လှူဒါန်းပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်နုနုသာ၊ KOICA မှ ဌာနေကိုယ်စားလှယ် Baek, Sook-hee၊ ဒုတိယဌာနေကိုယ်စားလှယ်များဖြစ်ကြသည့် Lee, Kyung-Soo နှင့် Dr. Choi Jae Sung၊ အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်နှင့် ဆေးရုံစီမံခန့်ခွဲရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ KOICA မှ ဌာနေကိုယ်စားလှယ်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အသည်းရောင်အသားဝါ(စီ)ရောဂါပိုး စမ်းသပ်စစ်ဆေးသည့် Test Kit ၉၀၀၀ကို အမျိုးသားသွေးဌာနသို့လည်းကောင်း၊ Test Kit ၁၀၀၀ကို အသည်းရောဂါ အထူးကုဌာနသို့လည်းကောင်း လှူဒါန်းပေးအပ်ရာ ဆေးရုံအုပ်ကြီးကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မတ်လ (၁၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၃၈၈၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

✧ **ရှေ့ဖုံးမှ**

ဆက်လက်၍ အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အကြံပြုချက်စာတမ်းကို ဦးသိန်းထွန်းက ဖတ်ကြား၍လည်းကောင်း၊ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဦးစံသာအောင်က ဖတ်ကြား၍လည်းကောင်း သဘာပတိထံ ပေးအပ်ကြသည်။

ဆက်လက်၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တစ်သီးပုဂ္ဂလရွေးချယ်ခံကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ဦးအောင်သိန်း၊ ဦးထွန်းကျော်တို့၏ စုပေါင်းအကြံပြုချက်စာတမ်းကို ဦးအောင်သိန်းနှင့် ဦးထွန်းကျော်တို့က ဖတ်ကြားကြပြီး သဘာပတိထံလည်းကောင်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးလှစိုးပါ ခြောက်ဦးတို့၏ စုပေါင်းအကြံပြုချက်စာတမ်းကို ရွေးချယ်ခံကိုယ်စားလှယ် ဦးလှစိုးကဖတ်ကြားပြီး သဘာပတိထံ လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးသန်းထွန်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့်ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ ၁၀ ရှိသဖြင့်အစည်းအဝေးအထမြောက်ကြောင်းနှင့် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်းကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်အခြေခံမူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကရင်ပြည်နယ်မှ ဦးစောအုံးတင်၊ ကယားပြည်နယ်မှ ဒေါ်မေရီယန်၊ ပဲခူးတိုင်းမှ ဒေါ်ညွှန့်ညွှန့်ဝင်း၊ မကွေးတိုင်းမှ ဦးအိန်လင်း၊ ရှမ်းပြည်နယ်မှ ဒေါ်နန်းအေးတင့်နှင့် ရန်ကုန်တိုင်းမှ ဒေါက်တာခင်ရွှေတို့က အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က တက်ရောက်လာကြသူညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကို အတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို နံနက်၁၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ်ဒေါက်တာသိန်းညွှန့်(ညွှန့်ဝေ–ကသာ)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးလှမြင့်နှင့် ဦးခင်ဇော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်ဦးရေမှာ ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အလှည့်ကျ သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိဒေါက်တာသိန်းညွှန့် (ညွှန့်ဝေ–ကသာ)က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းတွင်ပါဝင်သည့် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကဏ္ဍကို ဒေါက်တာဒေါ်မေဝင်းအောင်ခင်ကလည်းကောင်း၊ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာကဏ္ဍ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာကဏ္ဍနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်မှု အခွင့်အာဏာကဏ္ဍကို ဒေါက်တာဦးခင်ဇော်ကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုကဏ္ဍတို့ကို ဒေါက်တာဦးလှသန်းကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိဒေါက်တာသိန်းညွှန့် (ညွှန့်ဝေ–ကသာ)က တက်ရောက်လာကြသူ ညီလာခံကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ အကြံပြုချက်စာတမ်းကိုအတည်ပြုပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေ၄နာရီ မိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၁၀၉ဦးအနက် ကိုယ်စားလှယ်ပေါင်း၁၀၇ဦးတို့ တက်ရောက်ကြသည့်အတွက် ၉၈ ဒသမ ၁၇ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာကဏ္ဍများကို နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်ခြောက်ဦးတို့က အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်၁၀နာရီ မိနစ်၅၀တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈–၃–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄–ခုနှစ်)
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ)(ရက္ခဗေဒ)
၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၈။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅:၄၅ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၅၅ ၁၀။ **"မင်းမသိသေးပါဘူးကွာ" (ရော၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊အေးအေးခိုင်) (ဒါရိုက်တာ–ဆွေဇင်ထိုက်)**
၆:၀၅ ၁၁။ Discovery.
၆:၁၅ ၁၂။ နှောင်းခေတ်တေးပဒေသာ
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း–၁၆)**
၇:၃၀ ၁၆။ နှစ်(၆၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၇:၄၅ ၁၇။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **မြန်မာရုပ်ရှင် "နှောင်းတမြေ့မြေ့" (အပိုင်း–၂) (စိုးသူ၊ရန်အောင်၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–သက်မောင်မောင်)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ အဌမနေ့ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၇

နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ်နှစ်(၆၀)ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကိုယနေ့နံနက်၉နာရီတွင်ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ အဌမနေ့အဖြစ်ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲဝင် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက်ပြိုင်ပွဲကို ကျင်းပရာ မင်္ဂလာဒုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ဦးစီ စုစုပေါင်းအသင်းဝင် ၇၅ဦးတို့ ပြိုင်ပွဲဝင်ကြသည်။

အဆိုပါပြိုင်ပွဲကို မတ် ၁၉ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ငွေဝတ်မှုံ၊ အမှတ် (၇၀/က)နေ ဒေါက်တာနိုင်ထွဋ်အောင်၊ ဒေါက်တာဆေဆေရင်၊ သား–မောင်ရန်ငြိမ်းအောင်၊ မောင်မိုးမြတ်အောင်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်နှင့် အိပ်ရာခင်းအစုံအတွက် ငွေကျပ်ခြောက်သိန်းနှစ်သောင်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)သို့ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ညှို့လမ်းညွှန်သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ ညှို့လမ်းညွှန် အခြေခံသင်တန်းတက်ရောက်ရန် အင်္ဂလိပ်ဘာသာစကားဖြင့် လျှောက်ထားသူ ၅၀၀ဦးတို့အား သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ(အင်္ဂလိပ်စာအခြေခံရေးဖြေ ဆန်းစစ်ခြင်း) ကို ဧပြီ ၃ရက် (တနင်္ဂနွေနေ့)တွင် ဟိုတယ်နှင့်ခရီးသွားလာရေး သင်တန်းကျောင်းများ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဖြေဆိုခွင့်ရရှိထားသူများသည် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် ဧပြီ ၁ရက် နောက်ဆုံးထား၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ခရီးသွားလာရေးကြီးကြပ်မှုဌာနခွဲ၊အမှတ်(၇၇/၉၁)ဆူးလေဘုရားလမ်း ရန်ကုန်မြို့သို့ လာရောက်သတင်းပေးပို့ရန်ဖြစ်သည်။(သတင်းစဉ်)

✻ နိုင်ငံတော်ကြီးမှ

လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရော်ဘာပြားများကို ရောင်းတမ်း၌ ဈေးနှုန်းကောင်းကောင်းရရှိစေရန် စီစဉ်ထုတ်လုပ်ကြရေး၊ ရော်ဘာ ပြည်ပတင်ပို့ရောင်းချမှုတွင် နိုင်ငံတော်ကသတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လွတ်လပ်စွာ ရောင်းဝယ်ခွင့် ပြုထားသဖြင့် မိမိတို့အကျိုးစီးပွား ဖြစ်ထွန်းသည့်အပြင် နိုင်ငံတော်၏အကျိုးစီးပွားကို ဆောင်ရွက်ပေးခြင်းဖြစ်ရာ ပိုမိုတိုးတက်လုပ်ကိုင်ကြရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပုလောမြို့သို့ ရောက်ရှိကြပြီး ကမ်းရိုးတန်းရတနာခန်းမ၌ ပုလောမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအားတွေ့ဆုံသည်။

ရှေးဦးစွာ ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းက ပုလောမြို့နယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ကဏ္ဍများနှင့် စိုက်ပျိုးရေးကဏ္ဍ၌ ၂၀၀၄-၂၀၀၅ခုနှစ်တွင် မိုးစပါး ၂၇၁၀၄ဧကနှင့် နွေစပါး ၄၃၀၆ဧကစိုက်ပျိုးပြီး အထွက်နှုန်းမှာ မိုးစပါးတစ်ဧက ၇၀ဒသမ၆၈တင်းနှင့် နွေစပါးတစ်ဧက ၆၉တင်းနှုန်း ထွက်ရှိသဖြင့် ဒေသဆန်ဖူလုံသည့်အပြင် ပိုလျှံသည့်အတွက် ၁၀၆ ဒသမ ၉၃ ရာခိုင်နှုန်းရှိမှုနှင့် မြို့နယ်၏ ပညာရေးနှင့်ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆွေးနွေးမှာကြားပြီး အမှာစကား ပြောကြားရာတွင်ပုလောမြို့နယ်သည် ဒေသဆန်ဖူလုံမှုရှိသည့်အပြင် ပိုလျှံသည်ထက်ပိုလျှံအောင် ဆောင်ရွက်နေကြသည်ဟု သိရှိရကြောင်း၊ ပုလောမြို့နှင့် မြို့နယ်တစ်ခုလုံး ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကိုလည်း တွေ့ရှိရကြောင်း၊ သို့ရာတွင် တိုးတက်မှု အရှိန်အဟုန်ပိုမိုရရှိစေရန် ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်း၏ ယခင်အခါက အခြေအနေများကို ပြန်ကြည့်လျှင် မြို့ကြီးအချို့ကလွဲ၍ ဒေသတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် သွားလာဆက်သွယ်ရေးမှအစ အစစအရာရာ ဖွံ့ဖြိုးမှုမရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒေသတည်ငြိမ်အေးချမ်း၍ တရားဥပဒေ စိုးမိုးမှုရှိအောင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဦးစွာကြိုးပမ်းခဲ့ကြောင်း၊ ထို့နောက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် လမ်း၊ တံတားများ တည်ဆောက်ဖောက်လုပ်ခဲ့ကြောင်း၊ နယ်စပ်ဒေသမှ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု မျှတအောင် အထူးဒေသကြီး (၂၄)ခု စီမံကိန်း၊ ကျေးလက်နှင့် မြို့ပြတို့ ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း မရှိစေအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် စီမံကိန်းများကို ချမှတ်ပြီး တိုင်းရင်းသားပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လျက် ရှိနေကြောင်း၊ ထို့အတူ တနင်္သာရီတိုင်းသည်လည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံး ကိုယ်တွေ့မျက်မြင်ဖြစ်ကြောင်း။

သမိုင်းမှတ်တိုင်

ဤသို့ ဖွံ့ဖြိုးတိုးတက်လာရခြင်းမှာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဖြစ်ထွန်းလာသည့် သမိုင်းမှတ်တိုင်ကြီးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုထက်ပိုမိုတိုးတက်ရန် ယခုထက်ပိုမို၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ယခုအခါနိုင်ငံတော်ကြီးကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိရာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်၏ပထမအဆင့်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ခုတို့က မနားမနေ ကြိုးပမ်းဆွေးနွေးလျက်ရှိကြကြောင်း။

နည်းလမ်းပြသ

မိမိတို့အနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရုံသာမက နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လူငယ်လူရွယ်များကို အသိပညာနှင့် မှန်ကန်သော အတွေးအခေါ် အယူအဆများ သိရှိနားလည် တတ်ကျွမ်းကြစေရန် မြေတောင်မြှောက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ရပ်လုံး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ အလေ့အကျင့်များရရှိလာအောင် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များက နည်းလမ်းပြသ စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသား ပြည်သူများကလည်း ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် လက်တွဲ၍ မိမိတို့ဒေသ ဖွံ့ဖြိုးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအလေ့အကျင့်များ မွေးမြူကျင့်သုံးသွားကြရန်ဖြစ်ကြောင်းဖြင့်မှာကြားသည်။ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုသည် တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပလောက်မြို့ နန်းတောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့ ရှင်မုတ္ထီးဘုရားသို့ ရောက်ရှိကြ၍ ဂန္ဓကုဋိတိုက်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုသည် လောကသရဖူလျှောင်းတော်မူဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို လှူဒါန်းကာ တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

● အမျိုးသားညီလာခံမှ

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဝန်ထမ်းများ ကျွေးမွေးဧည့်ခံရေးလုပ်ငန်းအဖွဲ့၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ အဆောက်အအုံ၊ ရေ၊ မီး၊ လေညှိစက် ပြင်ဆင်ထိန်းသိမ်းရေးဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် သဘာပတိအမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ဆွေးနွေးမှာကြား

ရန်ကုန် မတ် ၁၇

အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်/တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများအားတွေ့ဆုံ၍ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။(အောက်ပုံ)

တက်ရောက်

အဆိုပါ တွေ့ဆုံရာသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ စက်မှုလက်မှုလုပ်ငန်း အများဆုံး လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပြည်နယ်နှင့်တိုင်း ရှစ်ခုတို့မှ ဒုတိယညွှန်ကြားရေးမှူးများ၊သမဝါယမဘဏ် လီမိတက်ဥက္ကဋ္ဌ၊ စက်မှုလက်မှုကုန်ထုတ်သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်/တိုင်းများမှ ဒုတိယညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်၊ တိုင်းအလိုက် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်လုပ်ဆောင်မည့် အခြေအနေများကို တင်ပြကြသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)





အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

ပြင်ဦးလွင်မြို့ ကြူးဇက် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၉ရက် (စနေနေ့)တွင် ပြင်ဦးလွင်မြို့ ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ကျောင်းသူ၊ ကျောင်းသားဟောင်းများ အမြန် ဆက်သွယ်လှူဒါန်းကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ကြသော ကြူးဇက်ရင်သွေးသားသမီးများ အမှတ်စာရင်း မိတ္တူ၊ ဓာတ်ပုံတို့ကို ဒေါက်တာ ရဲလင်းထက် ဖုန်း-၀၀၅-၂၁၆၂၅၊ ဒေါ်ကြည်ကြည်ဝင်း (ရွှေကျီး) ဖုန်း-၀၂-၈၈၅၇၃၊ Salim 4 Swe Swe Than (နားကြားကိရိယာရောင်းဝယ်ရေး) ဖုန်း-၀၁-၂၄၃၈၇၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။

(က-ပ)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တပ်မတော်နေ့အထိမ်းအမှတ်ပြခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ ဦးတည်ချက်(၁၂)ရပ်ပြခန်းကို လည်းကောင်း၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်းကိုလည်းကောင်း၊ အားကစားဝန်ကြီးဌာန ပြခန်းကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

အားပေးစကားပြော

ထိုမှတစ်ဆင့် ဝန်ကြီးသည် လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ ဘောလုံးလေ့ကျင့်ရေး ကွင်းအမှတ် (၃)သို့ရောက်ရှိ၍ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းညှိနှိုင်း ဖွင့်လှစ်သော ၂၀၀၅ခုနှစ် နွေရာသီ အခြေခံဘောလုံးအားကစားသင်တန်းသို့ တက်ရောက်ပြီး သင်ကြားလေ့ကျင့်မှု များ ပြုလုပ်နေကြသော မြို့နယ်ပေါင်းစုံမှ သင်တန်းသား၃၀၀တို့အား တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက်ဝန်ကြီးသည် အားကစား သမားများလေ့ကျင့်ရန်ဘောလုံးများနှင့် နည်းပြဆရာများအတွက် ထောက်ပံ့ငွေ များကို ပေးအပ်ချီးမြှင့်ပြီး သင်ကြား လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေး သည်။

ဖွင့်လှစ်သင်ကြား

၂၀၀၅ ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်းများကို ဘောလုံး အားကစားနည်းအပါအဝင် အားကစား နည်း ၂၇မျိုးတို့ကို သက်ဆိုင်ရာ မြို့နယ်များအလိုက် အားကစားကွင်း၊ အားကစားရုံများ၌ မတ် ၁၄ရက်မှ ဧပြီ၈ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချ လျက်ရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တပ်မတော် စစ်သမိုင်းပြတိုက်၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အားကစားဝန်ကြီး ဌာနပြခန်း ပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အား/ကာ)

ပြည်နယ်နှင့်တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် မတ်၁၅ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသော ISUZU Motor Ltd. က အဓိကပံ့ပိုး ကူညီသည့် ၂၀၀၅ခုနှစ် (၂၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့် အမှာစကားပြောကြားပြီး ဂေါက်သီး ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်း ၁၅သင်းတို့မှ ဂေါက်သီးရိုက်အားကစား သမားများသည် သတ်မှတ်ထားသည့် နေရာတွင် နေရာယူထားကြပြီး မြန်မာ နိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ် သူရအေးမြင့်ထံ ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းက တံခွန်စိုက် ဆုဖလား ကြီးကို ပြန်လည်အပ်နှံသည်။

ဆက်လက်၍ ဝန်ကြီးက အဖွင့်အမှာ စကားပြောကြားပြီး ပြိုင်ပွဲဝင်ဂေါက်သီး ရိုက် အားကစားသမားက အားကစား သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြ ပြီး ဝန်ကြီး၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)တို့က ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းအသင်းများမှ အားကစားသမားများအား လိုက်လံ နှုတ်ဆက်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ISUZU Motor Ltd. မှ မြန်မာပြည် ဌာနေကိုယ်စားလှယ် ဦးအေးချိုတို့က အလှည့်ကျ ဂေါက်သီး ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင် ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမနေ့(၁၈)ကျင်းကစား အပြီး၌ အသင်းလိုက်အကျော့မဲ့ (In Team Scratch)ပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံ ရန်ကုန်တိုင်းက Total Gross ၂၂၄ချက်ဖြင့် ဦးဆောင်ကစားလျက် ရှိသည်။

စစ်ကိုင်းတိုင်းက Total Gross ၂၃၃ချက်ဖြင့် ဒုတိယလိုက်ပြီး မန္တလေး တိုင်းက Total Gross ၂၃၄ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်းအကျော့မဲ့(Individual Scratch) ပြိုင်ပွဲတွင် နိုင်နိုင်လင်း (ရန်ကုန်တိုင်း)က Total Gross ၇၀ချက်ဖြင့် ဦးဆောင်ကစားလျက် ရှိသည်။

ISUZU

အေးမင်းချို(မန္တလေးတိုင်း)က Total Gross၇၄ချက်ဖြင့် ဒုတိယလိုက်ပြီး သန်းနိုင်ဦး(စစ်ကိုင်းတိုင်း)က Total Gross၇၆ချက်ဖြင့် တတိယလိုက်နေ သည်။

၂၀၀၅ ခုနှစ် (၂၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၆ ရက်နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်း ကစားအပြီးတွင် အသင်းလိုက်အကျော့ မဲ့ (In Team Scratch) ပြိုင်ပွဲ၌ ရန်ကုန်တိုင်းက Total Gross ၄၅၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

စစ်ကိုင်းတိုင်းက Total Gross ၄၆၉ချက်ဖြင့် ဒုတိယလိုက်ပြီး ပဲခူးတိုင်း က Total Gross ၄၇၀ ချက်ဖြင့် တတိယလိုက်နေသည်။

အသင်းလိုက် အကျော့ပေး (In Team Handicap)ပြိုင်ပွဲတွင် ပဲခူး တိုင်းက Total Nett ၄၁၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ရန်ကုန် တိုင်းက Total Nett ၄၂၁ချက်ဖြင့် ဒုတိယလိုက်ကာ တနင်္သာရီတိုင်းက Total Nett ၄၂၂ချက်ဖြင့် တတိယ လိုက်နေသည်။

တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲတွင် နိုင်နိုင်လင်း(ရန်ကုန်တိုင်း)က ၇၀+၇၄ Total Gross ၁၄၄ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

သန့်ဇော်(ပဲခူးတိုင်း)က ၇၇+၇၆နှင့် သန်းနိုင်ဦး(စစ်ကိုင်းတိုင်း)က ၇၆+၇၇ ချက် Total Gross ၁၅၃ချက်စီဖြင့် ဒုတိယ၊ တတိယလိုက်နေသည်။

တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲတွင် ထွန်းမြတ်ဦး (တနင်္သာရီတိုင်း)က ၇၁+၆၆ Total Nett ၁၃၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး Kar Let (ကယားပြည်နယ်)က ၇၂+၆၈ Total Nett ၁၄၀ ဖြင့် ဒုတိယလိုက်ကာ သူရကျော် ရှမ်းပြည်နယ်(တောင်ပိုင်း) က ၇၃+၆၈ Total Nett၁၄၁ချက်ဖြင့် တတိယလိုက်နေသည်။

မတ် ၁၇ရက် နံနက် ၇နာရီခွဲတွင် တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယင်း ဂေါက်ကွင်း၌ ဆက်လက်ကျင်းပ သည်။

(သတင်းစဉ်)

မြို့တော်စည်ပင် အတွင်းရေးမှူး လမ်းသစ်တိုးချဲ့ ဖောက်လုပ်မှုစစ်ဆေး

ရန်ကုန် မတ် ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်သည် ယမန်နေ့နံနက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် လမ်းသစ်အဖြစ် တိုးချဲ့ဖောက်လုပ် လျက်ရှိသော မောင်းမကန်ကမ်းသာ လမ်း အပိုင်း (၂)သို့ ရောက်ရှိလာပြီး ဒဂုံမြောက် အထူးတည်ဆောက်ရေး အဖွဲ့ (လမ်းနှင့်တံတား)မှ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး ရာ လက်ထောက်ဌာနမှူး ဦးမြင့်တင် က လုပ်ငန်းအပိုင်းလိုက် ကြီးကြပ် လုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြ သည်။ **(အောက်ပုံ)**

ဆက်လက်၍ အတွင်းရေးမှူးသည် တိုးကြောင်လေး ချောင်းဖြတ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး ၍ လိုအပ်သည်များကို ဖြည့်ဆည်းပေး သည်။ (၁၉)

ဝန်ကြီး ဦးဉာဏ်ဝင်း ထိုင်းနိုင်ငံခြားရေး ဝန်ကြီးထံ သဝဏ်လွှာပို့

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ထိုင်းနိုင်ငံ နိုင်ငံ ခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသူ မစ္စတာ ကန်တသီ ဆုဖာမုန် ခွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်း အဝေးကို မတ် ၁၂ရက် မွန်းလွဲပိုင်းတွင် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ ဆက်လက်ကျင်းပရာ စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ ကုန်သည်/ စက်မှုအသင်းချုပ်၏ အသင်းသားများ၊ အသင်းဝင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြ သည်။

အတည်ပြုချက်ရယူ

အစည်းအဝေးတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားပြီး အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်း လှိုင်က နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြား အတည်ပြုချက်ရယူ၍ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ သင်းဖွဲ့စည်းမျဉ်းကို ပြင်ဆင်ဖြည့်စွက် အတည်ပြုချက်ရယူသည်။

ထို့နောက် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ၂၀၀၆–၂၀၀၇ ခုနှစ် သက်တမ်းကာလအတွက် ကုန်သည်/ စက်မှုအသင်းချုပ်၏ အကြံပေးပုဂ္ဂိုလ် များအဖွဲ့ဝင်သုံးဦး၊ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင် တို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၂၅ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင် ၅၀တို့၏ အမည်စာရင်းများ ကို ကြေညာသည်။

ဖတ်ကြားကြေညာ

ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူး ချုပ် ဦးမျိုးဦးက ဥက္ကဋ္ဌ ဦးဌေးမြင့်၊ အတွင်းရေးမှူး ဦးဘိုဆိုင်တို့ပါဝင်သော မြန်မာနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ် သူများအသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၁၂ဦး၊ ဥက္ကဋ္ဌ ဦးအောင်မြင့်ထူး၊ အတွင်းရေးမှူး ဦးခိုင်မြင့်တို့ ပါဝင် သော မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း၏ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် ၁၅ဦး၊ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ အတွင်းရေးမှူး ဦးမြင့်ကြူ တို့ပါဝင်သော မြန်မာနိုင်ငံ လယ်ယာ ကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ် သူများအသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၁၉ဦး၊ ဥက္ကဋ္ဌ ဦးတင်စိုးလင်း၊ အတွင်းရေးမှူးဦးအောင်ထွေးတို့ ပါဝင် သော မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေသီးနှံ စိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၁၄ဦး၊ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ အတွင်းရေးမှူး ဦးအောင်သန်းဦးတို့ပါဝင်သော မြန်မာ နိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၁၈ဦးတို့၏ အမည်စာရင်းများ ကို ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာအားကစားနှင့်ကျန်းမာရေးဖောင်ဒေးရှင်း ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း၏ ၂၀၀၄ခုနှစ်အတွက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရေးနှင့် စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်၁၀နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ကျင်းပသည်။

အစည်းအဝေးတွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရဲထွဋ်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးနော်တောင်(ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီး ဌာန)က ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် အစီအစဉ်များကို ဖတ်ကြားတင်ပြ သည်။ ထို့နောက် အမှုဆောင်များက ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြသည်။ မြန်မာ အားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း ၂၀၀၄ခုနှစ် အတွက် ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို မတ်၁၉ရက် ညနေ ၃နာရီတွင် အိုလံပစ်ဟိုတယ် (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

▲ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းမှ

ရောက်ရှိလာရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယတပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်စစ်သမိုင်းပြတိုက် မြေညီထပ်၌ ခင်းကျင်းပြသသွားမည့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်းများ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်းများကိုလည်းကောင်း၊ ပထမထပ်ရှိ တိုင်းစစ်ဌာနချုပ်များ၏ ပြခန်းများ၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုပြခန်းများကိုလည်းကောင်း၊ ဒုတိယထပ်ရှိ ဝန်ကြီးဌာနများ၏ပြခန်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးရုံးပြခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြခန်းအလိုက် တာဝန်ခံများနှင့် ဒုတိယတပ်မတော် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းတို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ညနေ ၅နာရီ ၁၅မိနစ်တွင် တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းနှင့် ခရိုင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့များ မတ်စရက်က မြို့သစ်မြို့နယ် ဂွေ့ကြီးရွာအနီးဆဒ္ဒန်ဆည်ရေသောက်လယ်ကွင်းများတွင် နွေစပါးအတွက်ရေသွင်းထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် မတ် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၂/၂၀၀၄-၂၀၀၅)ဆင်းပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို စိတ်ပါဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၆၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

ကံ့ကော်မြိုင်သာသနာ့ရိပ်သာ သင်္ကြန်တွင်းတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၇

သဃ်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက်တွင် ဧပြီ၈ရက်မှ ၁၇ရက်အထိ သင်္ကြန်တွင်း ၁၀ရက် တရားစခန်းဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဧပြီ၇ရက် (ကြာသပတေးနေ့) ညနေ ၅ နာရီအရောက် စခန်းဝင်ရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ချီးမြှင့်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၂/၂၀၀၄-၂၀၀၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသူ တစ်ဦးအား သင်တန်းဆင်းလက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာသိုင်း ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် "မြန်မာ့ရိုးရာသိုင်း" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူး၍ မတ် ၂၈ရက်မှ ၃၁ရက်အထိ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ကျင်းပမည့် သိုင်းပညာပြပွဲ၊ ဗန်တိုပြိုင်ပွဲနှင့် သိဒ္ဓိကျင့်စဉ်များကို ရိုက်ကူး၍ ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။

ဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် မတ် ၂၅ရက် ညနေ ၄နာရီနောက်ဆုံးထား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ မြန်မာနိုင်ငံဓာတ်ပုံအသင်းသို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဧပြီ၄ရက် ညနေ၄နာရီခွဲ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် မည်သည့်ကင်မရာအမျိုးအစားဖြင့်မဆို ရိုက်ကူးနိုင်ပြီး ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ထားခြင်းမရှိသည့်၁၀လက်မ x ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံများကို အရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ဆုရနဂ္ဂတစ်ဆလိုက်နှင့် Original File များကို ပုံရွေးချယ်သည့်နေ့မှ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဓာတ်ပုံအသင်းသို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဧပြီ ၅ရက်တွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အကဲဖြတ်ဒိုင်ဦးတို့က အကဲဖြတ်ရွေးချယ်မည်ဖြစ်ပြီးဆုချီးမြှင့်ပွဲကို ဧပြီနောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဖုန်း-၃၇၃၁၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် တိုက်(၂၂၆)၊ အခန်း(၁၂)နေ ကွယ်လွန်သူဖခင်ဗိုလ်ကြီးလှမောင်အားရည်စူး၍ ဒေါ်ခင်ထွေးတင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို သဃ်္ဃန်းကျွန်းမြို့နယ် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အင်တာမီလန်အသင်းက ပေါ်တိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင် အက်ဒရီယာနို တစ်ဦးတည်း သုံးဂိုးသွင်းယူ

မီလန် မတ် ၁၆

ချန်ပီယံလိဂ်ဘောလုံးပွဲတွင် အင်တာမီလန်အသင်းနှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းမှ ဘရာဇီးဘောလုံးသမား အက်ဒရီယာနိုက တစ်ဦးတည်း သုံးဂိုးသွင်းကာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်သွားသည်။

ကွာတားဖိုင်နယ်ပွဲစဉ်သို့ ရောက်ရှိနေကြသော အခြားအသင်းများမှာ အင်္ဂလန်မှချယ်လ်ဆီးနှင့် လီဗာပူး၊ ဂျာမနီမှဘေယန်မြူးနစ်၊ နယ်သာလန်မှ ပီအက်စ်ဗီအိုင်ဟိုဗန်နှင့် ပြင်သစ်မှ အိုလန်ပစ်လီယွန်အသင်းတို့ဖြစ်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ပရီးမီးယားလိဂ်ပွဲစဉ်တွင် တော့တင်ဟမ်မှရော်ဘီကိန်း(အလယ်)**က ချေပဂိုးသွင်းယူနိုင်ရန် ချာလ်တန်မှ ပေါလ်ကွန်ချက်စကီး(ယာစွန်)ကို ဖြတ်ကျော်စဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ပရီးမီးယားလိဂ်ဘောလုံးပွဲစဉ်တွင် လီဗာပူးမှ မီလန်ဘာရော့စ်(ယာ) ဘောလုံးသယ်ယူလာရာ ဘလက်ဘန်းမှ ရိုင်ယန်နယ်လ်ဆင်(ဝဲ) ဖျက်ထုတ်လိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

လီဗာပူးနှင့်ဘလက်ဘန်းဂိုးမရှိသရေကျ

လန်ဒန် မတ် ၁၇

ပရီးမီးယားလိဂ်ဘောလုံးပွဲတွင် အဲဗာတန်အသင်းကိုအမီလိုက်ရန် အားခဲထားသော လီဗာပူးအသင်းသည် ဘလက်ဘန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ဂိုးမရှိ သရေပွဲသာဖြစ်သွားသဖြင့် မှန်းချက်မကိုက်ဘဲ ဖြစ်သွားရသည်။

ပရီးမီးယားလိဂ် အမှတ်ပေးဇယားတွင် လီဗာပူးအသင်းမှာ အဲဗာတန်အသင်းထက် ခုနစ်မှတ်နည်းနေပြီး အဆင့်ငါးနေရာ၌သာရှိနေသည်။ဘလက်ဘန်းအသင်းမှာမူ အဆင့်(၁၄)နေရာ၌ရှိသည်။

လီဗာပူးအသင်းမှ ချက်ရှေ့တန်းတိုက်စစ်မှူးမီလန်ဘာရော့စ်က ဒုတိယပိုင်းတွင် ရှစ်မီတာအကွာမှကန်သွင်းခွင့်ရခဲ့သော်လည်း ဂိုးဘားတန်းပေါ်မှ လွဲသွားသဖြင့် ထိချက်နာခဲ့ရသည်။ နောက်ပိုင်းတွင် လီဗာပူးအသင်း တိုက်စစ်သည် ဘလက်ဘန်းခံစစ်ကို မကျော်လွှားနိုင်သဖြင့် အဝေးမှသာ ကန်သွင်းနေရ၍ ဂိုးရခွင့်များ ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

နယူးကာဆယ်အသင်း ယူအီးအက်ဖ်အေဖလားကွာတားတက် အိုလံပီယာကော့စ်အသင်းကို လေးဂိုးပြတ်ဖြင့်နိုင်

လန်ဒန် မတ် ၁၇

ယူအီးအက်ဖ်အေဖလား ဒုတိယဆင့်ရှုံးထွက်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ မတ်၁၆ရက်က နယူးကာဆယ်အသင်းနှင့် အိုလံပီယာကော့စ်အသင်းတို့ စိန့်ဂျိန်းကွင်း၌ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက အိုလံပီယာကော့စ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အပြတ်အသတ် အနိုင်ရရှိသွားသည်။ ပထမအကျော့၌ နယူးကာဆယ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

နယူးကာဆယ်အသင်းသည် ယခုပွဲတွင် ရရှိသောဂိုးများကို ကီရွန်ဒိုင်ယာ၊ အလန်ရှီးယား(နှစ်ဂိုး)နှင့် ကွင်းလယ်ကစားသမား လီဘောင်ယာတို့က အသီးသီး သွင်းယူခဲ့ကြသည်။

ယနေ့ပွဲတွင် အလန်ရှီးယားသွင်းယူသောဂိုးများသည် ၎င်းအတွက် ၁၉၀ နှင့် ၁၉၁ဂိုးမြောက်သွင်းခြင်းဖြစ်သည်။ အိုလံပီယာကော့စ်အသင်းမှ ကစားသမားများတွင် ရီဗာလ်ဒို၊ ဂရီဂေါရစ်ဂရီအော်ဂစ်တို့စ်နှင့် သာနာစစ်ကော်စ်တိုလပ်စ်တို့ပါဝင်ကစားခြင်းမရှိခဲ့ပေ။ ရီဗာလ်ဒိုမှာ ဒဏ်ရာရနေ၍ မကစားနိုင်ခြင်းဖြစ်သည်။ ယခုကစားခဲ့သောပွဲတွင် မိမိအသင်းမှ လူကောင်းများကိုထုတ်သုံးထားကြောင်း၊ ရရှိသောရလဒ်ကို မိမိကျေနပ်ပါကြောင်း၊ တစ်ဖက်အသင်းကိုသာမန်အသင်းတစ်သင်းဖြစ်သွားအောင် မိမိအသင်းက အစွမ်းပြနိုင်ခဲ့ပါကြောင်းဖြင့် နယူးကာဆယ်အသင်းမန်နေဂျာ ဂရေမီ ဆောင်းနက်စ်က ပြောကြားခဲ့သည်။ ဗုဒ္ဓဟူးနေ့ကပွဲသည် ယခုဘောလုံးရာသီတွင် နယူးကာဆယ်အသင်းအတွက် ရှစ်ပွဲမြောက် ရှုံးပွဲမရှိ ဆက်တိုက်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ကျေးလက်ဒေသ ကွင်းဆင်းစစ်ဆေး

တံတားဦး မတ် ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးတို့ လိုက်ပါလျက် မတ် ၁၁ ရက် နံနက်ပိုင်းတွင် တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိခဲ့ရာ တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တံတားဦးမြို့ မြို့ရေပေးရေးလုပ်ငန်းမှ ပထမအဆင့် ဂါလန် ၆၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်နေမှုအခြေအနေ၊ ဂါလန် ၂၀၀၀ ဆံ့ အများသုံးရေကန် နှစ်ကန်နှင့် မီးသတ်ရေတိုင် တည်ဆောက်ပြီးစီးမှု၊ ရေပို့ပိုက်လိုင်းများ သွယ်တန်းဆောင်ရွက်နေမှု အခြေအနေ၊ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** လိုအပ်သည်များကို မှာကြားသည်။

ကွင်းဆင်းစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာသို့ ရောက်ရှိခဲ့ရာ ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်အိမ်ရာ ဆောက်လုပ်နေသည့် လက်ကောင်းကျေးရွာ အိမ်ရှင် ဦးထွန်းကြိုင် နေအိမ်တွင် အိမ်ရာဆောက်လုပ်လျက်ရှိသည့် အိမ်ရှင် ၁၄ ဦးနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

(နယ်စပ်စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖေဖော်ဝါရီ ၁၀ ရက်တွင် ပုသိမ်မြို့နယ် ကြက်ပေါင်းကျေးရွာအုပ်စု ရေအိုးစင်-စာဖြူကုန်းကျေးရွာ လမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ဦးအောင်သောင်းတို့ ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

မတ် ၂ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ရွှေဘိုမြို့ အမှတ်(၇)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး ကျိုကုန်းကတ္တရာလမ်းအား ကြည့်ရှုစစ်ဆေးရာ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်စည်ပင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဓမ္မာစရိယတန်း စာဝါပို့ချမည်

ကြံခင်း မတ် ၅

ဧရာဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်ကျောင်းတိုက်၌ နွေရာသီ ဓမ္မာစရိယတန်း စာဝါကို ၁၃၆၇ ခုနှစ် တန်ခူးလပြည့်နေ့ (ဧပြီ ၂၃ ရက်)မှ နွန် ၆ ရက်ထိ ကျင်းပမည်ဖြစ်သည်။ စာဝါပို့ချပေးမည့် ဆရာတော်များမှာ မန္တလေးမြို့မှ စာချဆရာတော် ဦးအာနန္ဒာမယာဘိဝံသ (သကျသီဟ ဓမ္မာစရိယ)နှင့် ဦးဣဿရိယ(ဓမ္မာစရိယ)၊ ဦးတေဇိန္ဒ (ဓမ္မာစရိယ)တို့ ဖြစ်ကြသည်။

စာဝါသင်တန်းသို့ တက်ရောက်သင်ကြားလိုသော အရှင်မြတ်များသည် ဧရာဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်ကျောင်းတိုက် ဆရာတော် ဦးဣဿရိယ ဖုန်း ၀၄၄-၄၀၁၈၆ ထံသို့ ဆက်သွယ် စာရင်းပေးသွင်း နိုင်ပြီဖြစ်ကြောင်း သိရသည်။ (က-ပ)

ဒေါ်စိန်မြင့် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၁၂ ရက်က မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာအုပ်စု ကျုံဝါးကျေးရွာ၌ ကျင်းပရာ မော်လမြိုင်ကျွန်းမြို့နယ် အဖွဲ့ဝင်(၂) ဦးမြင့်လွင်၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ကြည်နှင့် စာကြည့်တိုက်အလှူရှင် ဒေါ်စိန်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

သီလရှင်ဝတ်ပွဲနှင့် တရားစခန်း

သန်လျင် မတ် ၁၁

သန်လျင်မြို့နယ် အောင်ချမ်းသာ (၁) ရပ်ကွက် ခေမာရာမ သီလရှင်စာသင်တိုက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဒုလ္လဘ သီလရှင် အပါး၁၀၀ စုပေါင်းဝတ်ပွဲနှင့် ခုနစ်ရက်တရားစခန်းကို ဧပြီ ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ သီလရှင်ဝတ်လိုသူများ ဧပြီ ၅ ရက် နောက်ဆုံးထား၍ ခေမာရာမ သီလရှင် စာသင်တိုက်သို့ စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (၅၂၇)

ရာပြည့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ကွမ်းခြံကုန်း မတ် ၁၀

ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီး၏ နှစ်(၁၀၀)ပြည့် ရာပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၀ ရက်တွင် အရှင်ဣန္ဒက (တွံတေးဆရာတော်)နှင့် တပေါင်းလဆန်း ၁၁ ရက်တွင် အရှင်ဆေကိန္ဒ (ကထိက) ထေရဝါဒ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဆရာတော်တို့က တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ တပေါင်းလဆန်း ၁၂ ရက်တွင် ပဋ္ဌာန်းပူဇော်ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်သည်။ တပေါင်းလဆန်း ၁၃ ရက်တွင် သင်းကျစ်တော်၊ မကိုဋ်တော်၊ စလွယ်တော်၊ နှစ်ကျိပ် ရှစ်ဆူဘုရားများ ရပ်ကွက်အသီးသီးသို့ အပူဇော်ခံ ကြွရောက်မည်ဖြစ်သည်။

ထို့ပြင် ဇာတ်သဘင်ပွဲ၊ လှည်းပြိုင်ပွဲနှင့် ဈေးရောင်းပွဲများ ကျင်းပမည်ဖြစ်ပြီး အလှူရှင်များက စတုဒိသာကျွေးမွေးမည်ဖြစ်သည်။ (က-ပ)

ပြန်/ဆက်ဦးစီးဌာန ရုံးသစ်ဖွင့်ပွဲ ကျင်းပ

တာချီလိတ် မတ် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် မတ် ၁ ရက်က နှစ် (၆၀) ပြည့်တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ခွဲရုံးသစ်ဖွင့်ပွဲ ကျင်းပရာ တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်စိုးနှင့် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကန်ထရိုက်တာ ဒေါ်နန်းခမ်းလှ(ကိုယ်စား) ဦးမြင့်သန်းက ဆောက်လုပ်ရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးလှဌေးသို့ လွှဲပြောင်းပေးအပ်သည်။ **(မြို့နယ်ပြန်/ဆက်)**

မတ် ၇ ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးတိုးအောင်လွင် ဦးဆောင်သည့် ဝန်ထမ်းများ၊ ဈေးမိဈေးဖဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ဈေးသူ၊ ဈေးသားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မြို့မဈေးရှေ့ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် ဦးစီးအရာရှိ ဦးဇော်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သကြံန်တရားစခန်းပွဲ

ပဲခူး မတ် ၁၅

အသောက ဆရာတော်ကြီးနှင့် အောင်မင်္ဂလာ ဆရာတော်ကြီးတို့၏ ဩဝါဒနှင့်အညီ (၄၃)ကြိမ်မြောက် သကြံန်တရားပတ်ကို ၁၃၆၆ ခုနှစ် တပေါင်းလပြည့်ကျော်၁၄ ရက်မှ ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်ထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ၁၀ ရက် ကြိုတင်၍ သာသနာ့မာမကအဖွဲ့ ဇေယျာသီရိ အသောကကျောင်းတိုက် ဟံသာကုန်း မြို့ပတ်လမ်း ဗိုလ်ကုန်း (၁၈)ရပ်ကွက် ပဲခူးမြို့ ဖုန်း ၀၅၂-၂၂၁၆၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကြေးမုံ The Mirror မြို့နယ်သတင်းများ

ပဲခူးမြို့ ရေစီးရေလာကောင်းမွန်စေရေးစီမံချက်အရ ရပ်ကွက်အလိုက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းနှင့် ပင်မရေနုတ်မြောင်းမကြီးများအား ဖေဖော်ဝါရီ ၁၅ ရက်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်ယန္တရားနှင့် တူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်ထွန်းတို့ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်လျက်ရှိ အမျိုးသားညီလာခံကြီးတွင် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ခုက မနားမနေ ကြိုးပမ်းဆွေးနွေးနေ

ရန်ကုန် မတ် ၁၇

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မြိတ်မြို့မှ မြိတ်–ထားဝယ် ပြည်ထောင်စုကားလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မြိတ်ခရိုင် ပုလောမြို့နယ်နှင့် ပလောက်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရော်ဘာပင်စိုက်ပျိုး

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်ခရိုင် ပုလောမြို့နယ် တိုကျေးရွာအုပ်စုရှိ ရော်ဘာစိုက်တောင်သူ ဦးစုစု၏ ရော်ဘာပျိုးခင်းသို့ ရောက်ရှိကြ၍ ယာယီရှင်းလင်းဆောင်၌ တောင်သူ ဦးစုစုနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တာဝန်ရှိသူများက ပျိုးခင်း၌ RRIC-717 ပျိုးပင် ၅၀၊ BPM-24 ပျိုးပင် ၁၂၀၀၀ အပါအဝင် ရော်ဘာပျိုးပင်များ ပျိုးထောင်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရော်ဘာပျိုးပင်များပျိုးထောင်ထားမှု၊ ပျိုးပင်များပျိုးထောင်ရန် ပဏာမလုပ်ငန်းများလုပ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံရော်ဘာတောင်သူများနှင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဒေသဖွံ့ဖြိုးရေးတွင် ဝိုင်းဝန်းပါဝင်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပဝက်ကုန်းကျေးရွာရှိ ဦးမောင်ညိုရ်၏ ရော်ဘာစေးအပြားလုပ်စက်ရုံသို့ ရောက်ရှိကြရာ ဦးမောင်ညိုနှင့် စက်ရုံအလုပ်သမားများက ရော်ဘာအစေးမှ ရောင်းတမ်းဝင် ရော်ဘာပြားထုတ်လုပ်ပုံအဆင့်ဆင့်ကို **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✱**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဖွင့်လှစ်ပြသရန် ပြခန်းများ၊ ပြကွက်များ ခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့အထိမ်းအမှတ် ပြခန်းပြကွက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ပြသရန် ပြခန်းပြကွက်များ ခင်းကျင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ညနေ ၃နာရီတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲**

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၇

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

သဘာပတိ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသန်းဌေးက ဆောင်ရွက်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၂ သို့ ●**

သတင်းစာရှင်းလင်းပွဲစာစောင် ဖြန့်ဝေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီက ၁၅–၃–၂၀၀၅ရက်နေ့တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အနောက်အင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံတွင် ၎င်းတို့လိုလားသည့် ရုပ်သေး အစိုးရ တင်နိုင်ရေးအတွက် တပ်မတော်အစိုးရအား ဖိအားပေးအကျပ်ကိုင်နိုင်အောင် ILO ကို နိုင်ငံရေးစင်မြင့်အဖြစ် အသုံးချနေပုံများ၊ ရွက်ဆစ်ခေါင်းဆောင်သည့် SURA အကြမ်းဖက်အဖွဲ့က ရှမ်းပြည်လွတ်မြောက်ရေးဆိုသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချ ကိုယ်ကျိုးရှာနေမှုများ၊ SSA, SSNA, SURA, SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များသည် မည်ကာမတ္တပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့အတွက် အန္တရာယ်အလွန်ကြီးမားပုံ များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ အဆိုပါရှင်းလင်းပြောကြားချက် အပြည့်အစုံအား ဖော်ပြထားသည့် စာစောင်ကို ၁၈–၃–၂၀၀၅ရက်နေ့ထုတ် သတင်းစာများမှစ၍ ပူးတွဲထည့်သွင်းဖြန့်ဝေသွားမည် ဖြစ်ပါသည်။ မရရှိပါက သတင်းစာကိုယ်စားလှယ်များထံတွင် အခမဲ့ တောင်းယူနိုင်ပါသည်။